mgyoe.com
စိတ်ကူးချိုချိုအနုပညာ




# ပီ-မိုးနှင်း

## ဝတ္ထုပဒေသာအမှတ်-၁၁

mgyoe.com

mgyoe.com



# ပီ-မိုးနှင်း

## ဝတ္ထုပဒေသာအမှတ်-၁၁

Aung Kyaw '07

mgyoe.com

mgyoe.com

စကားလုံးအသုံးအနှုန်း လွယ်လွယ်နှင့် လိုရင်းကို
ထိထိမိမိရေးနိုင်သော ကွယ်လွန်သူ ဆရာကြီး ပီ-မိုးနင်း၏
ပြောင်မြောက်သော အရေးအသားကို
ဖတ်ရှု လေ့လာမှတ်သား ခံစားဖွယ်
ဝတ္ထုတိုများအား အတွဲများခွဲ၍ ထုတ်ဝေလာရာ
ယခုအတွဲအမှတ် - ၁၁ - သို့ ရောက်ပါပြီ။
စိတ်ကူးချိုချိုတွင် စုစည်းပြီး ပီမိုးနင်းဝတ္ထုတိုပေါင်း ၁၆၀
ကျော်ရှိနေပြီဖြစ်၍ အတွဲပေါင်း ၁၃ တွဲခန့်ထွက်ရှိလာရန်ရှိပြီး
တစ်စုတည်း သိမ်းဆည်းဖတ်ရှုလိုသူများအတွက်လည်း
မကြာမီ ပီမိုးနင်းဝတ္ထုတိုပေါင်းချုပ်ကြီး ထူထူထဲထဲ
ထွက်ရှိလာတော့မည်ဖြစ်ပါကြောင်း။

ပီမိုးနင်းဝတ္ထုပဒေသာအမှတ်-၁၁

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၉၉၀၀၅၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၈၃၀၅၁၀ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို **Ag Kyaw** ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် တန်ဖိုး ၉၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - သစ္စာ

၀၀၀ • ၀၃

ပီမိုးနင်း

ဝတ္ထုပဒေသာအမှတ် - ၁၁ / ပီမိုးနင်း ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၂၄၄ မျက်နှာ၊ ၁၂.၅ စင်တီ× ၁၇.၅ စင်တီ

(၁) ဝတ္ထုပဒေသာအမှတ် - ၁၁

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | မုဆိုးယစ်သူ | ၁ |
| ၂။ | မိန်းမ မလိုချင်သူ | ၂၂ |
| ၃။ | ဆရာကြီး | ၃၅ |
| ၄။ | တကယ့်အချစ် | ၆၁ |
| ၅။ | စွဲမက်သူ | ၈၁ |
| ၆။ | ဒီသူ့ရဲကျော်စိုး | ၁၀၃ |
| ၇။ | ပန်းချီနှင့်အချစ် | ၁၃၈ |
| ၈။ | မင့်မယား | ၁၆၁ |
| ၉။ | ရည်းစားလား လင်လား | ၁၉၁ |
| ၁၀။ | မိန်းမယုတ် | ၂၁၈ |


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မှူးယစ်သူ

"အစ်မကြီးတို့တော့ နေဝင်မှပြန်ကြမယ်ထင်တယ်။ ပူလိုက်တာ ကလည်း အိုက်လို့။ နောက်ဘေးက ကန့်ထဲဆင်းပြီးရေကူးမှ တော်တော့ မကိုး"ဟု သာယာသောအသံနှင့် အိမ်ပေါ်မှ လျှင်မြန်ပေါ့ပါးသောခြေလှမ်း ဖြင့် လှေကားကိုလှမ်းနင်း၍ ဆင်းလာလေ၏။

"သပြေပင် အရိပ်အောက်မှာ ကူးနော်၊ နေပူထဲကို မထွက်နဲ့ ကြာ လည်းမနေနဲ့။ ဟိုကောင်မတွေရောက်လာရင် ဆူလိမ့်ဦးမယ်"

"ဆူဆူ..မမရယ်၊ ဘာကြောက်ရမလဲ။ သူတို့ကထစ်ခနဲရှိ ဆူချင် တာချည်းပဲ"

"သူတို့က အကြီးကိုအေ့၊ 'အစ်မကြီးက အမိအရာ'တဲ့။ ငါ့သမီး ကတော့ ငယ်သေးတာကိုးအေ့၊ သူတို့စကားကို နားထောင်မှပေါ့"

"နားထောင်ရအားကြီးလို့ မမက သြဝါဒမပေးရသေးဘူး၊ သူတို့ ချည်းပေးတာပဲ။ ကျွန်မကိုများဖြင့် သူတို့ဘာထင်သလဲ မသိဘူး"။

"ဘာထင်ရမှာလဲအေ၊ မမက မာမှမမာဘဲကိုးအေ့။ သည်တော့ အေးအေးနေရတာပဲ၊ ညီးကို မမက မထိန်းကျောင်းချင်တော့ သူတို့ပဲထိန်း ကျောင်းရတာပေါ့"

"ကျွန်မကို သည်လောက်အနံ့အအ၊ အမိုက်အရူးလို သဘောထား

mgyoe.com

mgyoe.com

ပြီး ထစ်ခနဲရှိရင် ဆူတာဟာ ထိန်းကျောင်းတာလား။ ကျွန်မကိုဘယ်သူမှ မထိန်းကျောင်းဘူး၊ ကျွန်မဘာသာ ကျွန်မကိုယ်ကို ကျွန်မထိန်းကျောင်းရတာပါ"

"သည်လို မပြောပါနဲ့ သမီးရယ်၊ သမီးကငယ်တယ်အေ့။ သူတို့က အကြီး နားထောင်မှပေါ့၊ သူတို့က ကောင်းစေချင်လို့ သမီးကို ပြောတာဆိုတာပါ"

"ကောင်းစေချင်လို့ မဟုတ်ပါဘူး မမရယ်၊ သူတို့သာ အလိမ္မာ၊ ကျွန်မကို အမိုက်တုံးကြီးလုပ်ထားပါတယ်၊ ကျွန်မအရူးအပေါ ဝတ်ရမှန်း၊ စားရမှန်းမသိတဲ့အနေ၊ သူတို့က အလိမ္မာအတတ်၊ ဝတ်တတ် စားတတ်တွေ ကျွန်မမှာသူတို့အကျကိုမှ ဝတ်ရပါတယ်"

"သမီးက အခြားမိန်းမကလေးတွေနဲ့မှ မတူဘဲကိုးအေ့။ ညည်းကိုယ်ကို ဖိးလားလိမ်းလားမပြုတော့ သမီးကိုမလှချင်ဘူးလို့ ထင်နေကြတာပေါ့၊ ဖိးပါလိမ်းပါလား။ သည်တော့ ညည်းလှချင်မှန်းသိပြီး သူတို့ဂရုစိုက်လာရမှာပေါ့"။

"ဟုတ်တယ် ကျွန်မတခြားမိန်းမကလေးတွေနဲ့တော့ မတူဘူး၊ သူတို့နဲ့ အရောဝင်တဲ့ ယောကျ်ားကလေးတွေကိုလည်း ကျွန်မမုန်းတယ်။ ကျွန်မသူတို့လို ယောကျ်ားကြိုက်မ မဟုတ်ဘူး။ ယောကျ်ားမုန်းမ"ဟု ပြောပြီး အိမ်ပေါ်မှဆင်းပြီး နောက်ဖေးခြံထဲသို့ လှည့်၍ထွက်သွားလေ၏။ မကြာမီ ဖုန်းဖုန်း ဖုန်းဖုန်းမြည်သော ရေကူးသံကို ကြားရလေ၏။

အတန်ကြာ၍အိမ်သို့ ပြန်လာသောအခါ စောတင်နှင့်စောရင် ပွဲထိုင်မှပြန်၍လာသည်ကို တွေ့ရလေသတည်း။

စောတင်။ ။"ကြည့်စမ်းမမ၊ ဒီကောင်မကို ဘာမှမပြောဘဲ ပေါက်လွှတ်ပဲစား လွှတ်ထာသလား ကြည့်စမ်း။ နေပူထဲမှာ ရေသွားပြီးကူး နေလိုက်တာ၊ မျက်နှာတွေနီရဲလို့၊ နေလောင်လို့ ကျွမ်းကုန်ပြီ"

စောရင်။ ။"ဟုတ်တယ်မမ၊ မမကလည်း ဘာမှအဆိုအပြော မရှိဘူး၊ အပူဝင်ပြီး ဘယ်တော့လဲ သေလိမ့်မလဲ"စောခင်သည် ၄င်းတို့ပြော

mgyoe.com

သော စကားများကို မကြားယောင်ပြုပြီး နှုတ်ခမ်းစူလျက် ငါ့ဖာသာ၊ ငါ့လက် ငါ့ခြေနဲ့ ငါကူးတယ်။ ဘာဖြစ်သလဲ၊ သူတို့လက်ကိုငှားပြီး ကူးတာလားဟု၊ နှုတ်ခမ်းစူကာ မကြားတကြား စွတ်စိုသောကိုယ်နှင့် ထဘီမှ ရေစက်တွေကျလျက် အိမ်ရှေ့ခန်းကို ဖြတ်ပြီး အတွင်းခန်းသို့ ရေချိုးခန်း အထိ ဝင်သွားလေ၏။

ရင်။ ။"ကြည့်စမ်းပါဦး၊ တစ်အိမ်လုံးရွဲကုန်ပြီ။ တကတဲ ငါသိပ် ပြောလိုက်ရ မကောင်းတော့ဘူး။ မမ မမသမီးကို ဘာမှမပြောတော့ ဘူးလား"

စောခင်သည် ရေချိုးထဲ၌ ထဘီကိုလဲရင်း "စိုကုန်ရင် လှျာနဲ့လျက် ပစ်ပါလား" ဟု မိမိ၏စကားကို မိမိကြားရုံမျှ ရေချိုးခန်းတံခါးကို ရန်သူလို မျက်စောင်းထိုးကာပြောလေ၏။

စောခင်သည် အသက်ဆယ့်ခုနစ်အရွယ်ခန့်သာ ရှိလေ၏။ အစ်မကြီးစောတင်မှာ အသက်နှစ်ဆယ်ရှစ်နှစ်ရှိလေ၏။ စောရင်မှာ နှစ်ဆယ့်ငါးနှစ်ရှိလေ၏။ ၎င်းတို့မှာ လိုရာမရ ရ၍မလိုသဖြင့် အပျိုဟိုင်းကြီးတွေ ဖြစ်၍နေလေရာ ပွဲထိုင်ဖိတ်စာရသမျှကို မလစ်မလပ်ရအောင် လိုက်ခြင်းဖြင့် မိမိတို့ကိုယ်ကို စွံအောင်ကြော်ငြာခြင်းပြု၍ နေကြလေ၏။ ညီမအငယ်ဆုံး စောခင်မှာမူ ငယ်သေးသဖြင့် နောင်ခါ ယောကျ်ားတော့ယူဖို့ရန် အချိန် ကောင်းစွာရှိလေသည်ဟု ၎င်းစိတ်၌ အောက်မေ့ကာ စောခင်ကို အိမ်၌အပို အလျှံ အသုံးမကျသော အရာတစ်ခုကဲ့သို့ လှစ်လျူရှု၍ထားကြလေ၏။ စောတင်နှင့်စောရင်သည် စောခင်ကို ပြောဆို၍ ဝကြသောအခါ အခန်းထဲသို့ ဝင်၍ စကားပြောရင်း အဝတ်များကို လဲကြလေ၏။

ရင်။ ။"ကိုမောင်ခင်ကို သွားကြိုရရင်မကောင်းဘူးလား"

တင်။ ။"အေးအေး ဟုတ်တယ်။ တို့နှစ်ယောက် တစ်ယောက် ယောက်တော့ ယောကျ်ားရမှ ဖြစ်မယ်အေ့၊ ညည်းပဲရရ ငါပဲရရ။ တစ် ယောက်ရရင် ပြီးတာပဲ၊ သူများတွေက တို့ကိုလင်မရနိုင်ဘူးလို့ ထင်နေကြ တယ်"

mgyoe.com

mgyoe.com

တင်။ ။"ညည်းက နောက်မှယူအေ၊ ငါကအကြီးအေ့။ ငါက အရင်ယူမယ်။ ကိုမောင်ခင်ကို ငါရပြီးရင် ငါညည်းကို သူ့ညီမောင်တင်နဲ့ စပ်ပေးမယ်"

ရင်။ ။"မောင်တင်က ကိုမောင်ခင်လို ချောရဲ့လား"

တင်။ ။"ငါ့မတ်က လူချောပါအေ့။ ကိုမောင်ခင်ထက်တော့ အသားကလေးနည်းနည်းညိုတယ်"

ထိုအခိုက်တွင် စောခင်သည် တံခါးအနီးမှ နားထောင်လျက် တစ်ယောက်တည်း ပြုံးကာ"အမယ်သူ့မတ်တဲ့၊ ဟိုက သူ့ကိုယူပါစေဦး။ ကိုမောင်ခင်များ သူနဲ့ညားရင် ကိုမောင်ခင်ဆိုတဲ့လူမှာ ခေါင်းဆင်နင်းတာပဲ။ ဒီလူဟာ ဘယ်လိုလူပါလိမ့်။ သူတို့ကြိုက်တဲ့ လူကိုတော့ ငါဘယ်တော့မှ မလိုချင်ဘူး။ သူတို့ကိုကြိုက်တဲ့လူဟာ ဟန်ကျမယ့်လူလည်းမဟုတ်ပါဘူး" စသည်ဖြင့် တွေးတောကာ နေလေ၏။

ရင်။ ။"ကိုမောင်ခင်က ညည်းကိုမကြိုက်ဘဲ ငါ့ကိုကြိုက်ရင် ဘယ့်နှယ်လုပ်မလဲ"

တင်။ "ညည်းကိုကြိုက်ရင်လည်း ညည်းယူတာပေါ့။ ညည်းသူ့ကို ရရင် ညည်းမတ်နဲ့ငါ့ကို စပ်ပေးရမယ်"

ရင်။ ။"ငါ့မတ်က ညည်းကို ကြိုက်ရင် တော်ပါရဲ့"

တင်။ ။"ငါ့ကို မကြိုက်ရင် ညည်းကပဲ ထပ်ပြီးလိုချင်သေး သလား"

ရင်။ ။"အမယ်လေး တစ်ယောက်ပဲရအောင် ကြိုးစားပါဦး"ဟု ပြောပြီး နှစ်ယောက်သားအပြင်သို့ ထွက်လာကြလေရာ ချောင်း၍ နားထောင် နေသော စောခင်ကို မြင်ရလေရာ စောတင်က။ ။"စောခင်၊ ညည်းဒီမှာ ဘာလုပ်နေတာလဲ၊ ချောင်းနားထောင်နေတာပေါ့လေ။ ညည်း အင်မတန် မကောင်းတဲ့ကောင်မ၊ အမျိုးယုတ်မ၊ မမ မမသမီးလုပ်ပုံကြည့်ပါဦး၊ ဒီအကျင့် မျိုးဟာ အင်မတန်သဘောဆိုးသူများကျင့်တဲ့ အကျင့်မျိုး သိရဲ့လား။ သွား ... ဒီမှာမနေနဲ့၊ မျက်စိစပါးမွေးစူးတယ်"ဟုပြောကာ ထွက်သွားလေ၏။

mgyoe.com

စောခင်လည်း တစ်စုံတစ်ရာပြန်၍မပြော ဆံပင်များကိုကိုင်တွယ်ကာ လုပသော မိမိ၏ဦးခေါင်းပေါ်၌ ကပိုကရိုပတ်၍နေလေ၏။

စောတင်။ ။"ဒီဆံပင်ဘာပြုလို့ မထုံးသလဲ၊ ဆံပင် ကျိုးကန်းသိုက်နဲ့။ လူမြင်ရင် အရူးမလို့ ထင်လိမ့်မယ်"

"ဒါဘယ်သူ့ဆံပင်မှ မဟုတ်ဘူး၊ ငါ့ဆံပင်၊ ငါဖြီးချင်မှဖြီးမယ်"ဟု နှုတ်ခမ်းစူကာ စောခင်သည် မေးငေါ့၍ပြောလေ၏။

"မျက်နှာလည်းနေပူလို့ အဖတ်အဖတ်လန်ကုန်ပြီ၊ နောက်တစ်နေ့နှာခေါင်းကျွတ်ကျလိမ့်မယ်"

"ငါ့နှာခေါင်း ကျွတ်ကျွတ်၊ ဘယ်သူ့အပူမှ မဟုတ်ဘူး"ဟုပြောပြီး စောခင်သည် အိမ်ပြင်ဘက်သို့ ထွက်ကာ ပန်းခြံထဲမှာ ထိုင်လျက် စဉ်းစား၍နေလေ၏။

သို့နေခိုက်တွင် နှင်းဆီပန်းကလေးတစ်ပွင့်သည် မိမိ၏နား၌လေထဲတွင် လှုပ်ခါလှုပ်ခါ ငိုက်ခါငိုက်ခါ ကစား၍နေသည်ကိုမြင်ရလေ၏။ ထိုအခါ အဖော်မရှိ တစ်ကိုယ်တည်းနေရသော စောခင်သည် ၎င်းကိုအဖော်လုပ်ကာ ပန်းကိုကြည့်ပြီး "ဟုတ်တယ်နော်၊ သူတို့က သိပ်ပြီးဆူတာပဲ၊ငါဒီအိမ်တောင် မနေချင်တော့ဘူး။ မမက မမာလို့ပေါ့"ဟု ပြောပြီး ပန်းကလေးကို ငေးစိုက်ကာ စဉ်းစားသော မျက်လုံးများနှင့် ကြည့်၍နေလေ၏။

ထို့နောက်ဆက်ကာ "ဟုတ်သားပဲလေ၊ သူတို့ပြောလည်း ပြောချင်စရာ ငါက မိုက်တာကို။ ပြီးတော့သူတို့လိုလည်း မလှဘူး။ သူတို့ကတော့ လှတယ်၊ လှတဲ့သူများဟာ လင်လိုချင်တတ်တယ်ထင်ပါရဲ့နော်။ ငါတော့ မလိုချင်ပေါင်၊ ငါ့ကိုတခြားမိန်းမကလေးတွေနဲ့မတူဘူးလို့ သူတို့ကပြောကြတယ်၊ တခြားမိန်းမကလေးတွေက ကောင်းသလား၊ ငါကကောင်းသလား မသိပါဘူး။ တခြားမိန်းကလေးလိုတော့ ဝတ်ချင်စားချင်စိတ် ငါ့မှာမရှိဘူး၊ ငါတွေ့ရတဲ့ ယောကျာ်းကလေးတွေကိုလည်း ငါတစ်ယောက်မှ မကြိုက်ဘူး၊ သူတို့ကလည်း ငါ့ကို ကြိုက်မှာမဟုတ်ပါဘူး ထင်ပါရဲ့နော်။ ဟဲ့ နှင်းဆီပန်းကလေး၊ နင်လည်း ငါ့လိုပဲ တစ်ယောက်တည်းနေရတယ်နော်၊ နင့်မှာ

mgyoe.com

mgyoe.com



"ငါ့နှစခေါင်းကျွတ်ကျွတ် ဘယ်သူ့အပူမှမဟုတ်ဘူး" ဟုပြောပြီး စောခင်သည် အိမ်အပြင်ဘက်သို့ထွက်ကာ ပန်းခြံထဲမှာထိုင်လျက် စဉ်းစားနေလေ၏။

mgyoe.com

mgyoe.com

ရည်းစားရှိသလား”ဟု မေးလေ၏။

နှင်းဆီပန်းကလေးသည် လေထဲတွင် ခေါင်းခါသလို လှုပ်လေ၏။

“ဩော် မရှိဘူးလား၊ မရှိရင် ညည်းနဲ့ငါနဲ့အတူတူပေါ့နော်။ ကိုမောင်ခင်ဆိုတဲ့ လူလာလိမ့်မယ်။ လာရင်ဆီးပြီး မကြိုက်လိုက်နဲ့နော်။ ငါတော့ မကြိုက်ဘူး။ ကိုမောင်ခင်ဆိုတာ တို့များနဲ့ ဆွေနီးမျိုးစပ်ပဲ၊ ဆွေမျိုးကိုယူလို့ကော ဘာအရသာရှိမှာတဲ့တုံး၊ ကိုယ့်အိမ်က ခြံထဲမှာစိုက်တဲ့ ချဉ်ပေါင်ရွက်လို နေမှာပေါ့နော်။ တိုရေရှားရေ ဝယ်စားရတာလောက်တော့ ဘာအရသာရှိမှာလဲ၊ ကိုယ်တိုင်အိမ်မှာ လုပ်တဲ့မုန့်ကို ဝယ်စားရတာလောက် ကောင်းမှာ မဟုတ်ပါဘူး”စသည်ဖြင့် ပြောလေ၏။

ထိုကဲ့သို့နေရာ အတန်ကြာသွားလေရာ နေသည်အနောက်ဘက် ကောင်းကင်ဝသို့ ရောက်သွားပြီးလျှင် ရွှေအဆင်းနှင့်တူသော ရောင်ခြည်ဖြင့် စောခင်၏မျက်နှာကိုလည်းကောင်း၊ ပန်းခြံတစ်ခုလုံးကိုလည်းကောင်း ဖျန်းပက်လေ၏။ စောခင်သည်ကား ခွေးခြေကလေးတစ်ခုပေါ်တွင် ထိုင်ကာ တံတောင်ဆစ်နှစ်ဖက်ကို ပေါင်ပေါ်တင်ကာမေးထောက်လျက် အနောက်ဘက်မှာလားဟု စဉ်းစားကာ တစ်ကိုယ်တည်းပြုံး၍နေလေ၏။

တစ်ခါတစ်ခါ ရယ်သံများကို ကြားရလေ၏။ ထိုအခိုက်တွင် အိမ်ထဲသို့ ဝင်ကာပဆစ်ပစ်တာကို ကြည့်ဦးမည်ဟူသော အကြံနှင့် ထိုင်နေရာမှ ထ၍ လာလေ၏။ ထိုအခိုက်တွင် စောင်ကလေးတစ်ထည်ကို ပတ်ရုံလွှမ်းခြုံကာ ထွက်လာသော မိခင်ကိုမြင်သဖြင့် “မမဘယ်ကို သွားမလို့လဲ”ဟု မေးရာ “အနောက်နား မနန်းတို့အိမ်ကို မမသွားဦးမယ်။ မြင်းရထားတစ်စင်းလှမ်းခေါ်လိုက်စမ်းပါ သမီးရယ်”ဟုပြောသဖြင့် စောခင်သည် လမ်းမဘက်သို့ ပြေးပြီး မြင်းရထားတစ်စင်းကိုခေါ်လေ၏။

မကြာမီ မိခင်ထွက်၍သွားသည်ကိုကြည့်ပြီး အိမ်ဘက်သို့လာ၍ အိမ်ထဲဝင်မည်ပြုပြီးမှ “မဝင်ပါဘူးလေ။ မတော်တဆ။ သူတို့ လင်ကြိုက်လို့ ထင်နေချင် ထင်နေဦးမှာ”ဟုတွေးကာ အုတ်လှေကားပေါ်တွင် ထိုင်၍နေလေ၏။

mgyoe.com

 mgyoe.com 

အတန်ကြာ ထိုင်၍နေပြီးသော် ထပြီး ခြံထဲမှာ လှည့်လည်၍ နေလေ၏။ မွှေးကြိုင်သောပန်းပွင့်များမှ ထွက်ပေါ်လာသော ရနံ့တို့ကိုရှူ၍ လာကာ တစ်ကိုယ်တည်းနေရခြင်း၏ ဆိတ်ငြိမ်ခြင်းအရသာကို ခံစား၍ နေလေသတည်း။ မကြာမကြာ လမ်းဘက်ရှိခြံတံခါးဝကိုသွားပြီးလျှင် မိခင်ပြန်လာ ပြီလားဟု မျှော်ကြည့်လေ၏။ မိုးသားတို့သည် အနောက်တောင် ထောင့်မှ တက်၍လာကြပြီးလျှင် လမင်းကို အနုကြမ်းစီးရန် ကြံကြလေ၏။ လမင်းသည် ကြောက်အားနှင့် ဖြူဖျော့ဖျော့ကလေးဖြစ်၍ သွားလေ၏။ ထိုတိမ်တို့ ကို ဆောင်၍လာသောလေသည် သတင်းပေးရှေ့တော်ပြေးပမာ တဖျတ်ဖျတ် ခုန်ပေါက်ကစား၍လာပြီး စောခင်၏အင်္ကျီအကြိုအကြားကို ဝင်ရောက်ကာ ကလိထိုးလေ၏။ စောခင်သည် လေနှင့်အတူတူပျံသန်းကာ ခြံတံခါးဝသို့ ရောက်ပြန်လေ၏။ မိခင်ပြန်လာသော ရထားကိုမြင်ရမလားဟု တောင် မြောက်လေးပါးကို ကြည့်လေ၏။ ထိုအခိုက်တွင် ချွင်ချွင်မည်သော ပဆစ် သည် နားနှင့်ခပ်ဝေးဝေးကလေးဖြစ်၍ သွားလေ၏။ ဖြန်းခနဲ မော်တော် ကားတစ်စင်းသည် အရက်မူးသောသူ၏ မျက်လုံးများနှင့်တူသော မျက်လုံး ကြီးများနှင့်စောခင်၏ မျက်နှာကိုကြည့်ကာ အပါးသို့ရောက်လာလေ၏။ စောခင်သည် အံ့အားသင့်လျက် ရပ်၍ကြည့်နေလေ၏။ အရပ်မြင့်မြင့် ပြည့်ပြည့်ဝဝ ထွားထွားကျိုင်းကျိုင်းဖြူစင်သော စောခင်၏စိတ်၌ ကိုမောင်ခင် ဆိုတာ ဧကန်သူပဲထင်ပါရဲ့။ ဘာချောလို့လဲ။ မြင်ရတာ ဂလိန်းဂလက်နဲ့။ ထွီ– ငါမကြိုက်ပေါင်။ သူတို့နှစ်ယောက် ဒီလူတွက် ရူးနေကြတာကိုး။ ဟား... ဟား ... ရယ်ချင်လိုက်တာ။ ဒီလူကိုများ သူယူမယ် ငါယူမယ်နဲ့ လုနေကြတာ ကိုး ချောလည်းချောတဲ့လူပါပဲ။ ပိန်ပိန်မြင့်မြင့်၊ ညိုညိုပြားပြား၊ အသားအ ရောင်က မိုးကျလက်ဖက်ရောင်လို ကိုယ်ဟန်က ဒင်ကြီးနဲ့ခပ်ဆင်ဆင်။ ယဉ် မလိုလို ဘာလိုလိုနဲ့။ နဂိုချောက်ချောက်။ အပေါက်ထူထူ၊ အပူရှပ်တဲ့လူလို မော်လမြိုင်သား ရွှေကိုယ်နှယ် ဒီလိုပဲတဲ့လား။ စိတ်များပျက်ပါရဲ့တော်။ သူတို့မို့ ဒီလိုလူမျိုးကိုလိုချင်တယ်။ ငါ့ဖြင့် ခဲအိုတောင်တော်ရမှာ ရှက်ပါရဲ့ စသည်ဖြင့် တွေးတောကာ မြင်ရသူအပေါ်မှာ မကြင်နာ စိတ်ဆိုး၊ ရန်ငြိုးများ

mgyoe.com

ဖွဲ့၍နေလေသတည်း။

ငင်းလူသည် တောင်မြောက်လေးပါးကို လှည့်ကြည့်ရင်း စောခင်ကိုမြင်သောအခါ အံ့အားသင့်ပြီး ခပ်ပြုံးပြုံးမျက်နှာနှင့် ရဲတင်းစွာကပ်၍လာပြီး "မစောတင်တို့ရှိရဲ့လား"ဟုမေးလေ၍ စောခင်က "ရှိပါတယ်။ ရှိပါတယ်။ သွားသာသွားပါ။ ရှင့်ကို ..."ဟုပြောပြီး "သူတို့မျှော်နေတယ်"ဟု ဆက်၍ပြောမည် ကြံပြီးမှ မဆက်ဘဲ စကားကိုတန်းလန်းကြီးရပ်၍ ထားလိုက်လေ၏။

ငင်းလူကလည်း စကားဆက်၍ပြောဦးမလားဟု အောက်မေ့ကာ စောခင်ကိုကြည့်ကာရပ်နေလေရာ စောခင်က "ရှိပါတယ်"ဟု ပြန်ပြောလေရာ ငင်းလူသည် ပေါ့ပါးသောခြေလှမ်းနှင့် တက်၍သွားလေ၏။

အိမ်ပေါ်သို့ရောက်လျှင်ရောက်ချင်း စောတင်နှင့် စောရင် ခရီးဦးကြိုပြုကာ "ဩော် ...ကိုကိုရောက်လာပလား။ ဘယ်တုန်းကရောက်သလဲ"ဟု မေးကြလေ၏။

စောခင်က မော်လမြိုင်ရထားက ဆင်းလာတာပဲ၊ ဘယ်တုံးကရောက်သလဲလို့ မေးနေရသေးသတဲ့လား။ ဒီလို ပရိယာယ်မာယာနဲ့ မသိဟန်ဆောင်တာမျိုးဟာ မုန်းစရာအကောင်းဆုံးပဲ။ မျှော်နေရင် မျှော်နေတယ်လို့ ပြောလိုက်ပါလား။ ဘာဖြစ်ရဦးမှာလဲနော်ဟု ပန်းပွင့်ကလေးအားမျက်စမျက်နနှင့် နှုတ်ခမ်းစူကာ မဲ့ကာရွဲ့ကာ ပြောနေလေ၏။

ထို့နောက် အတန်ငယ်ကြာသောအခါ ပဆစ်ပစ်သံကိုကြားရလေ၏။ ထိုအခါ စောခင်၏စိတ်၌ ကိုမောင်ခင်ဆိုတဲ့လူချောတော့ နှစ်ယောက်ပြုံးများရနေ၊ ကောင်းကင်မှာရှိသော ရွှေတော–ရွှေတောင်၊ ရွှေပင်လယ်၊ ရွှေမြစ်၊ ရွှေအင်း၊ ရွှေအိုင်၊ ရွှေကျွန်းများနှင့် ရွှေသင်္ဘော၊ ရွှေလှေတို့ကို ကြည့်ကာ ငေးစိုက်၍နေလေ၏။

စောရင်သည် အပြင်သို့ထွက်လာပြီး "ညည်းအပင်းများ ဘာများမရှိတော့ဘူးလား။ ညည်းကိုလာပြီး ပင့်မနေနိုင်ဘူး"ဟု ပြောလေ၏။

"ရှိချင်တဲ့အခါ ရှိမယ်။ ညည်းတို့ဘာသာ ညည်းတို့ရှိကြ။ ထမင်း

mgyoe.com

mgyoe.com

စားရမှ အသက်ရှင်တဲ့အစားမျိုးမဟုတ်”

“ညည်းကနတ်သြဇာ စားနေတာပေါ့လေ။ နေ …ဘာမှုမချန်ဘူး။ ကျန်ရင်ခွေးကျွေးပစ်မယ်”

“ခွေးမကလို့ ညည်းဘဲအကုန်မြိုမြို။ သွား ညည်းဟာညည်း သွားဆို့ချေ။ ငါအတွက်မပူနဲ့”ဟု ပြောလေရာ စောရင်ဝင်သွားလေ၏။

စောခင်သည် အပြင်၌ ဆက်လက်၍ထိုင်နေလေ၏။ ကောင်းကင်၌ရှိသော ရွှေရောင်တို့သည် မိုးကြိုးရောင်အစင်းအတန့်ကြီးတွေဖြစ်၍လေ၍ ထို့နောက်ဆက်လက်၍ထိုင်နေရာ နေဝင်၍သွားပြီး အမှောင်တည်းဟူသော ညဥ့်၏ အတောင်ပံသည် မြေမျက်နှာပြင်ကို လွှမ်းအုပ်လာလေသတည်း။

ထိုအခါ ထမင်းဆာ၍လာသဖြင့် အိမ်ပေါ်သို့တက်ပြီး မီးဖိုထဲသို့ ဝင်ကာ ဓာတ်မီးကိုဖွင့်၍ ကြောင်အိမ်ထဲ၌ လှန်၍ရှာဖွေပြီး စားပွဲမှာထိုင်ကာ စားသောက်ပြီးသောအခါ တစ်ဖန်အိမ်ရှေ့သို့ ပြန်၍ထွက်လာပြီး ပန်းခြံထဲမှာနေပြန်လေ၏။

စောခင်သည် အိမ်မှာနေရတာထက် ခုလိုလသာသာမှာ ရောက်ရာပေါက်ရာထွက်၍သွားရလျှင် ကောင်းမှာပဲ။အခုနေများ ငါ့ကို လူတစ်ယောက်အတင်းလာခေါ်ပြီး မော်တော်ကားတင်သွားရင် မကြိုက်ပေမယ့် ငါလိုက်သွားမှာပဲ။ သင်းတို့အရင် ငါလင်ရတယ်ဆိုရုံ ဆိုရစေတော့။ အဟုတ် ယူမယ့်လူများပေါ်ရင် ယူလိုက်မှာပဲ။ ယောကျ်ားဆိုတာ အစက မကြိုက်ပေမယ့် ဥမင်မိရင် ကြိုက်တတ်တယ်လို့ပြောတာကို ငါကြားဖူးတယ်။ ဒီအိမ်မှာဒီကောင်မတွေနဲ့ နေရတာ သိပ်ပြီးစိတ်ညစ်စရာကောင်းတာပဲ စသည်ဖြင့်တွေးတော၍နေလေ၏။

ထိုအခိုက်တွင် လူတစ်ယောက်ဝင်၍လာပြီး ခြံလယ်ရှိ လမ်းပေါ်မှာရပ်ကာ တောင်မြောက်လေးပါးကိုကြည့်လေ၏။ ယောကျ်ားပျိုတစ်ယောက်သည် ကားတံခါးကိုဖွင့်၍ဆင်းပြီး ယိုင်ယိုင်ကလေးလှမ်းကာ စောခင်အပါး၌ လာ၍ရပ်ပြီး “မစောတင်တို့ ရှိကြသလား။ ကလေးမ”ဟု မူးသံထိုထိုနှင့် မေးလေ၏။

mgyoe.com

စောခင်သည် ကြောက်ကြောက်နှင့် ရပ်ကာ ၎င်းလူ၏မျက်နှာကို ကြည့်လျက် လူတော့လူချောပဲ။ ဘယ့်နှယ့်များအရက်မူးလာပါလိမ့်မလဲဟု စဉ်းစားကာမေးသောစကားကို မကြားသလိုဖြစ်၍နေလေ၏။ "မစောတင်တို့ ရှိသလား"ဟု ထိုလူကထပ်၍မေးပြန်လေ၏။

ထိုအခါမှ စောခင်သည် သတိရပြီးလျှင် "ဟုတ်ကဲ့ရှိပါတယ်။ ဟိုမှာလူတစ်ယောက်နဲ့ ပဆစ်ပစ်နေကြတယ်။ အိမ်ထဲမှာ"

"ဩော် ...ဩော် ...ဟုတ်လား။ ဩော် ...နေပါစေ။ ဒီလိုဖြင့် သွားနှောက်ယှက်သလိုဖြစ်တော့မယ်။ မင်းကဒီမှာ တစ်ယောက်တည်း ဘာလုပ်နေတာလဲ"

စောခင်သည် ထိုချောမောခန့်ညားသော သူ၏မျက်နှာကိုကြည့်ကာ ဩော် ...ဒုက္ခ၊ ဒုက္ခသနားစရာ။ ဒီလောက်ချောပါလှပါလျက်နဲ့ အရက်မူးလာတာ သနားစရာသိပ်ပြီးကောင်းတာပဲ။ ဘယ်သူကများ သူ့ကိုလွှတ်လိုက်ပါလိမ့်မတုန်း။ မတော်တဆ မူးလို့များလဲနေရင် သူ့ကိုငါထူမရမှာပဲဟု တွေး၍နေလေ၏။

"မင်းဒီမှာ တစ်ယောက်တည်းဘာလာလုပ်နေသလဲ"

"မမစောတင်၊ မမစောရင်တို့က ကျွန်မကိုသပိတ်မှောက်ထားတယ်။ ရှင်ဘာပြုလို့ မေးတာလဲ"

"ဘာမှမပြုပါဘူး။ လေတွေထဲမှာ မင်းတစ်ယောက်တည်းနေလို့ မတော်တဆမိုးတွေရွာလာရင် စိုကုန်မှာပေါ့။ ဒါထက် သူတို့ကမင်းကို ဘာပြုလို့ သပိတ်မှောက်ရတာတုန်း"

"ကျွန်မနေ့ခင်းက ရေကန်ထဲမှာ ရေဆင်းကူးလို့။ သူတို့က ကျွန်မကို ကြိမ်းမောင်းပြီး အပြင်မှာတစ်ယောက်တည်း နေရမယ်တဲ့ရှင့်"

"ဩော် ....အပြစ်ကလည်း တကယ်ကြီးတဲ့အပြစ်ကိုး။ ရေကူးတဲ့ အပြစ်ဆိုပါတော့နော်"

"မင်းက ဘယ်မှာသွားပြီး ရေကူးသလဲ။ ရန်ကုန်မြစ်ကြီးထဲမှာလား"

"ကျွန်မနောက်ဖေးက ကန်ထဲမှာ ကူးပါတယ်"

mgyoe.com

"ဩော် ...ဟုတ်လား။ အပြစ်ကလည်း တယ်ကြီးပါလား။ မင်း အခုလို တစ်ယောက်တည်းနေရတာ စိတ်မညစ်ဘူးလား။ မပျင်းဘူးလား"

"ကျွန်မတစ်ယောက်တည်းနေရတာ သူတို့နဲ့နေရတာထက် ပျော်ပါတယ်"

"မင်း ငါနဲ့ မော်တော်ကားလျှောက်စီးရရင် ပျော်မှာပေါ့။ အင်းလျားကို ပတ်ရအောင်။ လာလိုက်မလား"

"ဟင့်အင်း၊ ရှင်ဘယ်သူမှန်းလဲမသိ။ ဘယ်ကလဲမသိနဲ့။ ကျွန်မ ဘယ့်နှယ့်လိုက်ရမလဲ။ ပြီးတော့လည်း ရှင်က အရက်တွေ မူးနေတယ်"

"မမူးပါဘူး။ လာသာလာပါ။ မင်းကို ငါဘယ့်နှယ့်မှမလုပ်ပါ"ဟု ပြောကာ/လက်ကိုကိုင်ဆွဲလေ၏။ စောခင်သည် လက်ကိုရုန်းရင်း တောင်မြောက်လေးပါးကို ကြည့်လေ၏။ ထို့နောက် ၎င်းလူ၏မျက်နှာကို ကြည့်လိုက်သောအခါ လူပုံကသားနားပါဘိနဲ့။ ငါဘယ့်နှယ့်ရှိရှိလိုက်သွားပြန်ရော့မယ်။ ဒီကောင်မတွေနဲ့ ငါမနေပါဘူးဟု စိတ်ထဲ၌ တွေးမိလေ၏။ ရုန်းအား လျော့၍သွားရလေ၏။ ထိုအခိုက်တွင် "ငါတခြားလူ မဟုတ်ဘူး။ မင်းတို့ကို သိပါတယ်။ ငါမင်းကို မတရားသဖြင့် ဘာမှမကြံစည်ပါဘူး။ မင်းကို ချစ်လွန်းလို့ပါ။ မင်းကပြန်ချစ်ရင် တကယ်အတည်ယူမလို့ တမင်သက်သက်လာတာပါ။ မရုန်းပါနဲ့ မစောခင်။ မင်းကိုမြင်မြင်ချင်း ငါအရူးဖြစ်နေပါတယ်။ မင်းကို မင်းအစ်မများက စိတ်ညစ်အောင် လုပ်ထားတယ်ဆိုတာကလည်း သိသည့်အတွက် သနားပြီးနေတာလည်း အတော်ကြာပါပြီ။ မင်းအကြောင်းကို ငါသတင်းရတယ်။ အဟုတ်အသေအလဲ မင်းကိုချစ်မယ့်လူပါ။ ငြင်းရင်မှားမှာပေါ့။ မင်းချမ်းချမ်းသာသာနေရမယ်။ မဆင်းရဲရစေဘူး။ မင်းအစ်မတွေထက် မင်းမချမ်းသာချင်ဘူးလား"ဟု လက်ကိုလှုပ်ကာပြောလေ၏။

စောခင်သည် နေရာမှ မရွေ့ဘဲ ရပ်တွေကာ နေလေ၏။ အကြောင်းမူကား ထိုလူ၏ ရဲရင့်ခြင်း၊ ထိုလူ၏ပြောဆိုပုံ၊ ထိုလူ၏ ရိုးသားပုံ၊ ထိုလူ၏ ချစ်တတ်၊ ခင်တတ်သော အမူအရာတို့နှင့် မိန်းမတို့၏စိတ်ကြိုက်ဖြစ်သော မြှောက်ပင့်ခြင်းနှင့် စည်းစိမ်ဥစ္စာတို့ အကြောင်းကို ကြားရပြီးနောက်

mgyoe.com

ဟုတ်ပါလိမ့်မယ်။ ဒီလူဟာ ငါ့ကို သိတဲ့လူပဲထင်ပါရဲ့။ စောတင်တို့ စောရင်တို့ကိုလည်း သူသိတယ်။ အရက်တော့ သောက်တာပဲ။ လူဆိုးတော့မဟုတ်ပါဘူး ထင်ပါရဲ့ဟု စဉ်းစားကာ စိတ်ကိုမပိုင်းဖြစ်၍ နေလေပြီ။ "ကျွန်မအစ်မများက မော်လမြိုင်က ကိုမောင်ခင်ကိုယူကြလိမ့်မယ်။ ကိုမောင်ခင်က သူဌေးရှင့်။ သည်တော့ သူတို့ထက်ကျွန်မချမ်းသာဖို့ အခက်သားပဲ"

"သူတို့က နှစ်ယောက်စလုံးပဲ ဒီကိုမောင်ခင်ဆိုတဲ့လူကို ယူကြတော့မလို့လား"ဟု ပြုံးရယ်ကာမေးလေ၏။

"မဟုတ်ဘူးလေ။ တစ်ယောက်ယောက် ယူမှာပေါ့"

"ဩော် ...ဒီလိုလား။ နှစ်ယောက်စလုံးများ ယူကြရင် ကိုမောင်ခင်ဆိုတဲ့လူမှာ ဒုက္ခဖြစ်မှာပဲ"

"ကြည့်နေပါ။တစ်ယောက်တည်း ယူတောင် သက်သာမှာမဟုတ်ပါဘူး။ ကျွန်မအစ်မများပါပဲ။ နို့ပေမယ့် ကိုမောင်ခင်ဆိုသူကို သနားပါရဲ့"

"ဒီကိုမောင်ခင်ကို မင်းမြင်ဖူးသလား"

"ဒီကနေ့မှ မြင်ဖူးပါတယ်။ အခုအိမ်မှာရှိပါတယ်။ မမတို့နဲ့ ပဆစ်ပစ်နေတယ်"

"ဩော် ...ဟုတ်လား။ ကိုခင်မောင်လေ။ ဒီလိုဖြင့်သူတို့ကတော့ သူတို့ရည်းစားနဲ့ပျော်လို့ ကစားနေကြတာ။ မင်းကိုတော့ တစ်ယောက်တည်း ပယ်ထားတယ်။ မင်းကစိတ်မနာဘူးလား။ မင်းလည်း သူတို့လို သဘောထားပြီး ငါနဲ့မော်တော်ကားစီးရအောင် လိုက်ပါလား"

"အမယ်လေး မစီးဝံ့ပါဘူး။ ကြောက်ပါတယ်။ ရှင်ကျွန်မကို ကားနဲ့ အတင်းခေါ်မလို့ ကြံတာလား"ဟု ပြောရင်းနောက်သို့လှည့်၍ ကြည့်လိုက်ရာ စောတင်၊ စောရင်တို့နှင့် ၎င်းတို့၏အဖော် ဧည့်သည်နှင့်အတူ ဆင်း၍ လာကြသည်ကို မြင်လေ၏။

ထိုအခါ ၎င်းယောက်ျားပျိုက "ဟောဟောလာကုန်ပြီ။ အပြင်ထွက်လာကြပြီ။ မင်းနဲ့ငါ့ကို မြင်တော့မယ်။ လာပါ မကြောက်ပါနဲ့။ တစ်ခုခုဖြစ်ရင် ငါ့တာဝန်။ မင်းမှာ မှည့်တစ်ပေါက်မစွန်းစေရဘူး။ လာလာ"ဟုပြော

ပြောဆိုဆို စောခင်ကို သန်မာသောလက်များနှင့် ပွေ့ယူလိုက်လေရာ စောခင်၏ ပေါ့ပါးသောကိုယ်ကလေးသည် ဝါဂွမ်းဆိုင်ကလေးလို လိုက်ပါ၍သွားလေသတည်း။

စောခင်သည်ကား ထိုလူ၏ပွေ့ကိုင်တွယ်ခြင်းကို တစ်နည်းအားဖြင့် နှစ်သက်သလိုဖြစ်ကာ ဒီလူကို ငါချစ်ပါတယ်ထင်ပါရဲ့လေဟု စိတ်ထဲမှာ အောက်မေ့ရင်း ကားပေါ်သို့မငြင်းဆန်သာဘဲ ရောက်၍သွားလေ၏။ ကားလည်း လျင်မြန်စွာထွက်၍ သွားလေသတည်း။

ငင်းယောက်ျားပျိုသည်ကား လက်နှစ်ဖက်နှင့် မော်တော်ကားမောင်းသော လက်ကို စုံကိုင်ကာ စောခင်ကို စောင်းငဲ့လျက်ကြည့်ပြီး ညီညွတ်လှပသော သွားများပေါ်အောင် ပြုံးလေ၏။

စောခင်၏စိတ်၌ ထိုသူကိုချစ်၏။ ချစ်သဖြင့် အမှုဖြစ်မှာကိုစိုးကာ သနားပြီး ငါအော်လိုက်ရင် သူဒုက္ခဖြစ်တော့မှာပဲ၊ ဒုက္ခဖြစ်ရင် သိပ်သနားစရာကောင်းမှာပဲ။ သူငါ့ကို တစ်မျိုးတစ်မည်ကြံတာတော့ မဟုတ်ပါဘူး။ အဟုတ် ငါ့ကိုချစ်လို့ အတည်ယူမယ်ကြံတာနဲ့ တူတာပဲ။ ငြိမ်ငြိမ်ကလေးလိုက်သွားရင် ငါ့မှာဘာမှဖြစ်မှာမဟုတ်။ ယောက်ျားချောချောတစ်ယောက်ကို ရဖို့ရှိမှာပဲ။ ဒီကောင်မတွေနဲ့ နေရတာထက်ဖြင့် အခုညယောက်ျားတစ်ယောက်ရတာ က ပိုပြီးကောင်းမှာပဲ့ စသည်ဖြင့် တွေးကာစိတ်ကမပါနှုတ်ဖြင့်သာ ခရာပြီး "ရပ်တော့။ ရှင်ကျွန်မကိုပြန်ပို့။ ဘာမှတ်သလဲ။ ကျွန်မအော်လိုက်ရင် တစ်ရပ်လုံးသိပြီး ထွက်လိုက်ကြလိမ့်မယ်"စသည်ဖြင့် ပိုတော့မလို မဲ့ကာပြောလေ၏။

ထူးဆန်းသော ယောက်ျားပျိုသည်ကား စကားတစ်ခွန်းမှပြန်၍ မပြောဘဲ ငင်းကိုကြည့်ကာ ပြုံးလျက်သာ ကားကိုမောင်းသွားလေ၏။ သို့မောင်းရာအတော်ရောက်၍သွားသော်လည်း စောခင်ကို လက်ဖျားနှင့်မှ မတို့ဘဲ နေလေ၏။

ထိုကဲ့သို့နေ၍ နာရီဝက်ခန့်လောက်ကြာသောအခါ ခရီးအတော်ပေါက်ရောက်၍သွားသဖြင့် သူငါ့ကို တစ်ခုခုလုပ်ရင် ဇကန်နေရာတစ်ခုခုကို

mgyoe.com

ခေါ်သွားမှာပဲ။ အခုတော့ငါ့ကို လက်ဖျားနဲ့တောင်မှလည်း မထိဘူး။ ဒီလူဟာ လူထူးဆန်းပဲ။ ငါ့ကိုသူကစားစရာကလေးလို မှတ်ထင်ပြီး ကြည့်၍သာ ပြုံးနေတာပဲ။ ဒီလူဟာ ဘာမှ ကြောက်ရလန့်ရမှန်းလည်း သိမှာမဟုတ်ဘူး။ ထင်သလို လုပ်တတ်တဲ့လူတစ်ယောက်နဲ့ တူတာပဲဟု စိတ်ထဲ၌အောက်မေ့ကာ တောင်းပန်၍ရမည်မဟုတ်သည်ကို သိသည်နှင့် ငြိမ်သက်၍သာ ပါသွားရှာလေသတည်း။

မော်တော်ကားသည် ကန်တော်ကြီးကို တစ်ပတ်ပတ်ပြီး ရွှေတိဂုံဘုရားဘက်သို့ မောင်းလေ၏။ ထို့နောက် ကုက္ကိုင်းလမ်းကြီးဘက်သို့သွားလေ၏။ စောခင်သည် ငြိမ်သက်စွာလိုက်၍ သွားရာပူအိုက်သောညဉ့်၌ လေအေးကလေးက မျက်နှာကိုဖြန်းပက်သဖြင့် တမှေးမှေးပျော်ကာ ယောကျ်ားပျို၏ ပခုံးကိုမှီမှန်းမသိ မှီမိလေ၏။ ယောကျ်ားပျိုသည် အိပ်ပျော်၍နေမှန်းသိသဖြင့် မျက်နှာကိုဝင်းခနဲ ဓာတ်မီးနှင့်ထိုး၍ကြည့်လေရာ အိပ်ရာမှလန့်နိုးပြီး "အို ဘယ့်နှယ်လုပ်တာလဲ၊ ကျွန်မမျက်နှာကို မပြချင်ပါဘူး။ နေပူလောင်လို့ အဖတ်တွေ ကွာနေတယ်။ အရုပ်ဆိုးတာကို ကြည့်ချင်လို့လား" ဟုပြောပြီး မှီရာမှ မတ်စွာထိုင်လေ၏။ ယောကျ်ားပျိုလည်း ပြုံးရယ်လျက်ဓာတ်မီးကို ဖယ်ထားလိုက်လေ၏။

ထိုကဲ့သို့သွားရာ အင်းလျားကို တစ်ပတ်ပတ်ပြီး ကြည့်မြင်တိုင်ဘက်သို့ ရောက်သွားလေ၏။ တစ်ဖန်ကြည့်မြင်တိုင်မှ ရန်ကုန်သို့ပြန်လာပြီး လွှစ်လမ်းတံတားဘက်သို့ ရောက်သွားရာ မော်တော်ကားကို ဆိတ်ငြိမ်ရိပ်မှောင်သောနေရာ၌ရပ်ကာ ကားပေါ်မှမဆင်းဘဲ မြစ်ဘက်မှလာသော လေညင်းကို ခံယူရှူရှိုက်ခါ ထိုင်၍နေကြလေ၏။

ယောကျ်ားပျိုသည် မြစ်ဘက်ကိုကြည့်ကာ တစ်စုံတစ်ရာကို စဉ်းစား၍ နေလေ၏။ စောခင်သည် ၎င်းကိုကြည့်ကာ ဘယ့်နှယ်လူပါလိမ့် မတုံး သူ့မှာအေးအေးဆေးဆေး ဘာမှကြောက်ရရွံ့ရတို့ကို မတွေးမိဘူး ထင်ပါရဲ့ဟု တွေးပြီး ၎င်း၏ငြိမ်သက်ရိုးသားခြင်းကို စိတ်ထဲမှာ ချီးမွမ်းမိလေ၏။

mgyoe.com

mgyoe.com




သန်မာသောလက်များနှင့်ပွေ့ပယူလေရာ စောခင်၏ ပေါ့ပါးသောကိုယ်ကလေး
သည် ငွမ်းဝါဆိုင်ကလေးကဲ့သို့ ပါသွားလေ၏။

mgyoe.com

ထိုကဲ့သို့ မြစ်ဘက်ကိုငေး၍ နေရာမှ စောခင်ကို ရုတ်တရက်လှည့်၍ကြည့်လိုက်သည့်အခါ စောခင်မိမိကို ကြည့်နေကြောင်း မြင်ရလေ၏။

"အိမ်ကို ပြန်ချင်ပြီလား"

"ပြန်ချင်တာပေါ့ရှင်၊ မပြန်ရင်တော့ ကျွန်မကိုဝိုင်းပြီး ဆူကြတော့မှာဘဲ"

"ဆူပေမယ့် မင်းငါ့ကိုချစ်ရင် ဘာပူစရာရှိသလဲ"

"ရှင် လူရမ်းကားကြီး၊ ကျွန်မ မချစ်ချင်ပေါင်၊ ပါးစပ်ကအရက်စော်နဲ့ ဘာနဲ့"

"အခုမမူးတော့ပါဘူးကွဲ့၊ ငါမူးရင် ဘယ့်နှယ်ဟာကို သွားသွားလုပ်မိမှန်း မသိပါဘူး။ အခုမင်းကိုငါ အတင်းခေါ်လာမိတာ တွေးပြီး စိတ်မကောင်းဖြစ်နေတယ်"

"ရှင်ဒီလိုဖြင့် အရက်သောက်တိုင်း ဒီလိုထူးဆန်းတာတွေကို လုပ်ရင် ရှင်ဟာ လူပြည်နဲ့တော်တဲ့ လူမဟုတ်ဘူး။ လူသတ္တဝါတွေကို တစ်နေ့သဒ္ဒါးအန္တရာယ်ဖြစ်အောင် လုပ်မိလိမ့်မယ်။ သည်တော့ရှင် ဒုက္ခရောက်မှာဘဲ။ ရှင်အတော်ခက်တဲ့လူပါလား"

"မင်းကို ငါအခုခေါ်တာတော့ ဘာမှမဖြစ်ပါဘူးနော်။ မင်းငါ့ကိုချစ်တာကို မင်းမျက်လုံးထဲမှာ ငါမြင်ရတယ်၊ မင်းမလိမ်ရဘူး။ လိမ်ရင် ပစ်သတ်လိုက်မယ်ဟု ပြောလေ၏။ မင်းကိုများ ငါရရင် အရက်မသောက်ဘူး၊ အရက်ကို တစ်ခါတည်း ဘုရားကိုရော မယားကိုရောလှူပြစ်မယ်။ ငါက ရှောင်နိုင်တဲ့ အကောင်ကွဲ့"

"ရှင်လား တကယ်ရှောင်နိုင်မှာ။ ရှင့်စိတ်ကိုရှင်အစိုးမှမရဘဲ"

"တကယ်ရှောင်နိုင်ရင် မင်း ငါ့ကိုချစ်မလား"

"တကယ်ရှောင်နိုင်ရင် ချစ်တော့ချစ်ပါရဲ့၊ မချစ်ဝံ့ဘူး"

"ဘာပြုလို့လဲ"

"ရှင်ဓားပြလား၊ လူဆိုး ဝရမ်းပြေးလား ကျွန်မသိမှမသိဘဲ"

"ဝရမ်းပြေး လူဆိုးမဟုတ်ပါဘူး။ ငါမင်းကိုသိတဲ့လူပါ၊ မင်းအမေ

mgyoe.com

 mgyoe.com 

လည်း ငါ့ကိုသိပါတယ်။ ငါနဲ့လည်တယ်ဆိုရင် မင်းအမေက မင်းကိုဆိုမှာ မဟုတ်ပါဘူး။ မသကာ မင်းအစ်မများကသာ နည်းနည်း ပါးပါးဆူချင် ဆူမှာ"

စောခင်သည် မယုံကြည်သောမျက်နှာနှင့် ၄င်းကိုကြည့်၍နေလေ၏။ သို့ကြည့်နေပြီးမှ ရှင်ပြောတဲ့အတိုင်းမှန်ရင် ကျွန်မရှင့်ကို ယူမယ်"

ထိုအခါ ၄င်းယောကျ်ားပျိုသည် အားရဝမ်းသာသော အမူအရာနှင့် ငေါက်ခနဲ ထူထောင်၍ထိုင်ကာ အဟုတ်လား၊ တကယ်နော်ဟု ပြောကာ ပခုံးကိုကိုင်လေ၏။ မဟုတ်ရင် သူသည်လောက်တောင် စိတ်ချလက်ချ ပြောနိုင်မှာ မဟုတ်ပါဘူး ဧကန်ဟုတ်ပါလိမ့်မယ်။ ငါ့ကိုတစ်မျိုးတစ်မည် ကြံရင်လည်း သည်လိုဘာမှမလုပ်ဘဲ နေဖို့မဟုတ်ပါဘူး။ သူ့အရိုးပဲ ထင်ပါရဲ့ လေပဟုတွေးကာ ခင်သည် လက်ကိုဖယ်၍မချဘဲ မိမိရှေ့၌ရှိသော ဓာတ်မီးတိုင်ကိုသာ ကြည့်၍နေလေ၏။

တကယ်ငါ့ကိုသူ အတင်းကြံချင်ရင် ခြံကြိုခြံကြားထဲကတောင် ခခုအနေထွက်ရမှာ မဟုတ်သေးဘူး။

"ရှင်ကျွန်မကို အခုအိမ်ပြန်ပို့မလား"

"မင်းပြောတဲ့ စကားတည်ရင်ပို့တာပေါ့"

"ရှင်အရက်ကို ဖြတ်မှတည်မှာ"

"အောရိုက်၊ ကောင်းပြီ၊ ပို့မယ်၊ နည်းနည်းကလေးစောင့်ဦး။ လေကလေး အေးလွန်းလို့နော်ဟု စောခင်၏တင်းမာချောမောပြည့်ဝသော ပေါင်ပေါ်သို့ လက်ကိုတင်ကာနေလေ၏။

စောခင်၏ရင်ထဲမှာ လေပြည်ဖော့ပြီး အကြောအခြင်တွေမှာလှုပ်ရှား၍သွားပြီး ယောကျ်ားပျို၏မျက်နှာကို ငေးမောကာ မျက်တောင်မခတ်ဘဲ မော်၍ ကြည့်လေ၏။ ယောကျ်ားပျိုလည်း ထို့အတူပြန်၍ ကြည့်ပြီး မျက်နှာချင်းနီး ကပ်၍သွားလေ၏။ ထိုအခါ ယောကျ်ားပျိုသည် နှင်းဆီပန်းကလေးပေါ်မှာ ပျားကောင်ကလေး နားသလောက်မှ လေးအောင်မဖိဘဲ၊ စောခင်၏ပါးကို နှုတ်ခမ်းနှင့် ထိရုံကလေးမျှ နမ်းလိုက်လေ၏။ ထိုအခါ

mgyoe.com

စောခင်၏ စိတ်၌ ထိုလူ ဘေးမဲ့ လူကောင်းတစ်ယောက်ဖြစ်ကြောင်းကိုသာ၍ သိသဖြင့် စိတ်ထဲ၌ အားမလိုအားမရ ဖြစ်၍နေလေ၏။

ထို့နောက် မော်တော်ကားနှင့် တစ်ဖန်ထွက်ပြန်ရာ ၎င်းဒါလဟိုဇီ လမ်းရှိ နေအိမ်သို့ ပြန်၍ရောက်သွားကြလေသတည်း။

နှစ်ယောက်သား ကားပေါ်မှဆင်းကြ၍ အိမ်ဘက်သို့ကြည့်လိုက်သောအခါ စောတင်၊ စောရင် ၄င်းပြင်မိခင်ဖြစ်သူသည် အိမ်ရှေ့၌သုံးယောက်သားရပ်ကာ လမ်းဘက်ကိုမျှော်၍ နေကြသည်ကို မြင်လေသတည်း။

စောခင်သည် ထိတ်လန့်၍သွားလေ၏။ ၄င်းတို့အနားသို့နှစ်ယောက်စလုံး ကပ်၍သွားကြလေ၏။ ယောက်ျားပျိုသည်ကား နောက်ချန်၍ လမ်းနံဘေးသစ်ပင်ရိပ်ကို ခို၍လာလေ၏။ ၄င်းတို့၏အနီးသို့ ရောက်လာကြသောအခါမည်း၍နေသော မန်ကျည်းပင်ကလေး၏ အရိပ်အောက်သို့ ယောက်ျားပျိုသည် ဝင်ရောက်လေ၏။

တင်။ ။"ကိုင်း ညည်းဘယ်လင်နဲ့ လိုက်သွားတာလဲ"

ရင်။ ။"ညည်းဘာပြုလို့ အိမ်ကိုပြန်လာသေးသလဲ၊ ဟိုဟာဘယ်သူလဲ"

မိခင်။ ။"ညည်းလုပ်တာတော်ရဲ့လား သမီးရယ်၊ ကြည့်စမ်း တစ်အိမ်သားလုံး ထိတ်လန့်ပြီး ဂါတ်တဲတိုင်ရတော့မလိုလိုတောင် ဖြစ်နေတယ်။ ဟိုဒင်းက ဘယ်သူလဲ၊ မင်းဘယ်ကလဲ၊ ငါ့သမီးကို မင်းအတင်းတင်သွားတာမဟုတ်လား"

ထိုအခါ ယောက်ျားပျိုသည် မှောင်ရိပ်မှထွက်လာပြီး ၄င်းတို့ရှေ့၌ မတ်တတ်ရပ်ကာမိမိ၏မျက်နှာကို ဓာတ်မီးနှင့်ထိုး၍ပြလေရာအားလုံးအံ့အားသင့်၍ နေကြလေ၏။ ထို့နောက် စောခင်ကျွန်တော်နဲ့ထွက်လည်တာ နှစ်နာရီမကျော်သေးပါဘူးဟုပြောကာ ရေဒီရမ်းလက်ပတ်နာရီကို ကြည့်လေ၏။

မိခင်နှင့်တကွ အစ်မနှစ်ယောက်သည် အံ့အားသင့်၍နေကြလေ၏။ စောခင်သည်ကား ပိုမို၍အတွေးခက်ပြီး ၄င်းလူပျို၏မျက်နှာကို စိုက်ကာ ကြည့်လေ၏။

mgyoe.com

အမယ်ကြီးသည် ပါးစပ်ဟလျက် စောခင်နှင့်ငှင်းယောကျ်ားပျိုကို ကြည့်၍နေလေ၏။ စောတင်နှင့်စောရင်သည် အံ့ဩလျက် မိန်းမောတွေဝေ၍ နေလေ၏။ ထို့နောက် စောရင်က "ကိုမောင်ခင်၊ ကိုမောင်ခင်ဘယ့်နှယ်လုပ်တာလဲ"ဟု ပြောကာ မောင်ခင်၏အပါးသို့ကပ်လာလေ၏။

ဘယ့်နှယ်မှမလုပ်ပါဘူး၊ ကျွန်တော်လာတော့ အိမ်ရှေ့မှာ စောခင်ကိုတွေ့တယ်၊ မစောတင်တို့ မစောရင်တို့ ရှိရဲ့လားလို့မေးတော့ မော်လမြိုင်က ကိုမောင်ခင်ဆိုတာနဲ့ ပဆစ်ပစ်နေကြတယ်လို့ ပြောတယ်။ ဒီတော့ ကျွန်တော်က မင်းတော့ဘာပြုလို့ ပဆစ်မပစ်တာလဲလို့မေးတော့ သူတို့က ကျွန်မကို ဝိုင်းပယ်ထားတယ်တဲ့။ သည်ရတော့ ကျွန်တော်က သနားတာနဲ့ ဝိုင်းပယ်ထားရင် အပျင်းပြေ ငါနဲ့မော်တော်ကား စီးမလားလို့မေးတော့ စီးတာပေါ့တဲ့ ပြောတာနဲ့ ကျွန်တော်တို့လျှောက်လည်ကြတာပဲ၊ နှစ်နာရီမကျော်သေးပါဘူးဟု ပြောလေ၏။

စောခင်၏မျက်နှာသည် လင်း၍လာလေ၏။ အကြောင်းမူကား မိမိစွဲမှတ်သော ကိုမောင်ခင်ဆိုသူသည် တကယ့်ကိုမောင်ခင်အစစ်မဟုတ်၊ တခြားကဖြစ်နေကြောင်း သိရသဖြင့် ဝမ်းမြောက်လျက် မှတ်ကရော ကိုမောင်ခင်ကို လိုချင်လှတဲ့ကောင်မတွေဟု စိတ်ထဲမှာ အောက်မေ့ကာ နှလုံးမှာ ဆွေ့ဆွေ့ခုန်၍ နေလေ၏။

တင်။ ။ကိုဘရှင်ကို ညည်းက ကိုမောင်ခင်လို့ သွားပြောတယ်ဆို။

ခင်။ ။ပြောတယ် ဘာဖြစ်သလဲ ၊ မဟုတ်ရင် ပြီးရော မဟုတ်လားဟု ပြောလေ၏။

မောင်ခင်သည် အမှတ်တမဲ့ပန်းခြံထဲသို့ ဝင်၍သွားသောအခါ ညီအစ်မသုံးယောက်အံ့တကြိတ်ကြိတ်ဖြစ်၍ နေကြလေ၏။ စောတင်နှင့် စောရင်က စောခင်ကို ဝိုင်း၍အပြစ်တင်နေကြလေ၏။ ညည်းကိုနှစ်နာရီ တောင်ခေါ်သွားပြီး အလကားပြန်ပို့တယ်ဆိုတာ ယုံမယ်ထင်သလား။

မယုံချင်နေ ယုံချင်ယုံ၊ ဟုတ်တယ်။ ဟုတ်တယ်။ ကိုမောင်ခင်နဲ့

mgyoe.com

ငါသွားပြီးပြီ။ ကိုမောင်ခင်နဲ့ငါနဲ့ ယူတော့မယ်၊ ကိုင်း–ဘာဖြစ်သလဲ၊ ငါကြိုက်လို့ သူခေါ်ရာလိုက်သွားတာ၊ ညည်းတို့ ဒီလိုဆူကြီးပူကြီးလုပ်နေရင် အခုပြန်လိုက်သွားဦးမယ်ဟု ပြောလေရာ မိခင်ဖြစ်သူက ကပ်၍လာပြီး မဆူကြပါနဲ့အေ၊ အိမ်နီးချင်းတွေ ကြားကုန်ပါ့မယ်။ ညီအစ်မသုံးယောက် အနက် တစ်ယောက်ကို မောင်ခင်ယူရင်ပြီးတာပါပဲဟု ပြောပြီး အိမ်ထဲသို့ ဝင်သွားလေ၏။ စောတင်နှင့်စောရင်လည်း ဝင်သွားကြလေ၏။

နောက်မကြာမီ စောခင်နှင့်မောင်ခင်သည် ပန်းခြံထဲတင် ယှဉ်တွဲကာ လှည့်လည်လမ်းလျှောက်ကြပြီး တစ်ခုသောခုံတန်းပေါ်၌ ယှဉ်၍ထိုင်ကြရာတွင် စောခင်သည် မောင်ခင်၏ရင်ဘတ်ထဲသို့ ရောက်၍နေလေသတည်း။

ဗြိတိသျှဘားမားမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉၂၈ ခုနှစ်။

❑

mgyoe.com

.mgyoe.com

# မိန်းမ–မလိုချင်သူ

ဩော်.. ငါ့သား ငါ့သား၊ ဘယ်တော့များ အရှုးရပ်မယ်မသိဘူး။ မိန်းမယူမှ အရှုးရပ်တော့မယ် ထင်ပါရဲ့။ ယူပါတော့လား သားရယ်ဟုပြော ဆိုကာ ဒေါ်မေသည် ဘကွန်း၏ လှပသောနဖူးထက်၌ ခွေ၍နေသော ဆံနွယ်တို့ကို ကိုင်၍လှန်ရင်း ပြောလေ၏။

"မမကလည်း အလကား ဒီစကားကိုချည်း လာလာပြီးပြောနေ တယ်။ အေးအေးနေပါရစေ။ အခုတော့ မမပိုင်တဲ့သား မမရဲ့။ မိန်းမရတော့ မယားပိုင်တဲ့သား ဖြစ်မှာပေါ့။ မမပြောတာဆိုတာ ဘာသာခံမယ်။ မယား ပြောတာကို မခံချင်ဘူး။ အခုတောင် သူငယ်ချင်းတွေနဲ့ အလည်အပတ်သွား တဲ့အခါ ကျွန်တော်က အိမ်ကိုပြန်ချင်ပြီဆိုမှပြင့် အိမ်မှာ မျှော်နေမယ့်သူရှိလို့



mgyoe.com

mgyoe.com

လား၊ ဘာလား ညာလားနဲ့ ပြောကြတယ်။ မိန်းမရှိရင် ကျွန်တော်လည်ချင် သလို လည်ရတော့မှာမဟုတ်ဘူး။ မမ မမသားကိုသနားရင် ဒီစကားကို မပြောပါနဲ့"

"ဘာပြုလို့လဲ သားရယ်။ မိန်းမရှိတော့ တည်တာပေါ့။ တစ်နေ့ကျ ရင် ယူမှာပဲ။ သည်တော့ စောစောက ယူတာပဲကောင်းတယ် မဟုတ်လား"

"မလိုချင်ပါဘူးမမရယ်။ အခုတော့ ကျွန်တော်လည်ချင်သလို လည်နိုင်တယ်။ လည်ရာကပြန်လာရင် ဘယ်မယားဆီသွားသလဲလို့ ပြောပြီး မမကမဆူဘူး။ မိန်းမရရင် အဆူခံရမှာပေါ့မမရဲ့။ အမေနဲ့မယား ဆူရာပူရာမှာ အပုံခြားနားတာပဲ"

"သြော် ...ဘကွန်း၊ ဘကွန်း။ ရှူးတယ်ဆိုလေ ရှူးလေလေပါကလား။ အရှူးမြန်မြန်ပျောက်စေချင်လို့ မေမေကပြောတာ။ အခုလိုရှူးနေရင် မေမေ မရှိတဲ့အခါကျတော့ ပစ္စည်းတွေကို ဘယ်လိုထိန်းမလဲ"

"မမကလည်း တယ်သေချင်နေတာကိုး။ သေစကားကို ကျွန်တော် နားမကြားချင်ဘူး။ နားခါးလွန်းလို့ မပြောပါနဲ့။ မမ အခုမှ အသက် လေး ဆယ်ရှိပါသေးတယ်။ မမက ဖေဖေရှာထားခဲ့တဲ့ ပစ္စည်းတွေကို သားအမိ နှစ်ယောက်တည်း အေးအေးဆေးဆေးစားရတာကို မကျေနပ်လို့ ပါးစပ် တစ်ပေါက်အပိုရှာချင်တာနဲ့ ကျွန်တော့်ကို ကလော်ပြီးထုတ်ဖို့ ကြံနေတာပဲ။ ကျွန်တော့်ကို မယားအယူခိုင်းပေမယ့် ကျွန်တော်ကတော့ မမကိုယောက်ျား မယူစေချင်ပါဘူး။ ယောက်ျားများယူရင် မမတော့လား သေပေတော့ဆိုတာ စိတ်ချတော့။ ကျွန်တော့်မမကို ကျွန်တော်ကလွဲလို့ ဘယ်သူမှ မချစ်ရဘူး"

"သြော် ...မိုက်ပါဘိတော့သားရယ်။ ဘာတွေများ ပြောနေပါလိမ့် မလဲ မသိဘူး။ မမဒီတစ်သက်မှာ ဘယ်တော့မှ ယောက်ျားမယူဘူး။ စိတ်သာ ချ။ သားအတွက်လည်း မမကစိတ်ချချင်လို့ အတည်တကျဖြစ်စေချင်တာပဲ။ မမစပ်ထားတဲ့ သူငယ်မကလေးကို သားယူရင် သိပ်ကောင်းမှာပဲ။ လည် လည်းလည်၊ ပစ္စည်းလည်းပေါ။ ချောလည်းချော၊ ဒီလိုဟာမျိုးကို တွေ့ခဲလို့ ပြောတာသားရဲ့။ သားမယူရင် ယူမယ့်လူတွေဟာ အဖိုးတန်ချည်းပဲ"

mgyoe.com

mgyoe.com

"တော် ...တော် ...မမ။ မလိုချင်ဘူး။ ချောလို့မက ငါးရှဉ့်ပဲဖြစ်နေနေ၊ ကျွန်တော်သွားစရာရှိသေးတယ်ဟုပြောကာ ထိုင်ရာမှထပြီး တုတ်ကောက်ကို ကိုင်စွဲကာ ဗိုလ်ဆံတောက်ကို လက်နှင့်ခွဲပြီး ရှေ့ထိုးဘိနပ်ကလေးနှင့် ထွက်သွားလေ၏။ မိခင်သည် သနားကာ "ဩော် ...ဒုက္ခဒုက္ခ၊ မိန်းမစကားကို ကြားမှဖြင့် ခါးခါးသီးသီး ဖြစ်သွားတာပဲ။ ဘိအေအောင်တောင် အရူးဇာတ် မသိမ်းသေးဘူးဟု ပြောရင်း သားကိုမျက်စိတစ်ဆုံးအရိပ်ကြည့်ပြီး ကျန်ရစ်ရှာသတည်း။

## အခန်း(၂)

ထိုနေ့ညနေ၊ အနောက်က နေရောင်ခြည်ကလေးသာသာမှာ ဘကွန်းသည် လန်ချားနှင့်ဘုရားသို့သွားပြီး ဘုရားကအပြန်၊ ကန်တော်မင်ရပ်ကွက်ထဲမှ ရန်ကုန်သို့ဖြတ်၍လာရာ အိမ်တစ်အိမ်၏ရှေ့၌ မော်တော်ကားအသစ်ကလေးကို ကြည့်၍နေသော အသက်(၁၈–၁၉)နှစ်အရွယ်ခန့်ရှိသည့် မိန်းမပျိုကလေးကို မြင်ရလေ၏။ ၎င်းမိန်းမပျိုကလေးသည်လည်း တံခါးကို ကိုင်မှီကာ ကားကိုချစ်ခင်သော အမူအရာနှင့်အရိပ်ကြည့်၍နေလေ၏။ ထိုသူငယ်မလေးဝတ်သော ထဘီမှာ အညိုတွင်အဖြူပွင့်ကြီး ရိုက်နှိပ်၍ထားသော လှပသောထဘီဖြစ်လေ၏။ ဆောင်းဥတုအခါဖြစ်သောကြောင့် သိုးမွေးစောင်ကိုခြုံ၍ ထားလေ၏။ ၎င်း၏ခါးတင်တို့မှာ ဟိုက်ကော့ပွင့်ကားလျက် နေလေရာ ၎င်းကိုမြင်ရခြင်းသည် လှပလတ်ဆတ်သော ပန်းစည်းကလေးကို မြင်ရသကဲ့သို့ ဘကွန်း၏ရင်တွင်း၌ အေး၍သွားလေ၏။

ထိုမိန်းမကလေးသည် ဘကွန်းကိုမြင်သောအခါ တအောင့်ကလေးစိုက်ကာကြည့်ပြီး ပြုံးသလိုလို မချိုမချဉ် မျက်နှာထားနှင့် ခေါင်းကိုငုံ့ ကာကား၏တံခါးကိုဖွင့်ပြီး ပြန်၍ပိတ်လိုက်လေ၏။

ဘကွန်းသည် အပါးသို့ရောက်လာ၍ လာသောအခါ သူငယ်မကလေးနှင့်တစ်ဖန် မျက်နှာချင်းဆိုင်မိပြန်လေ၍ ပြုံးသလိုလိုအသွင်ကိုပင်ထပ်မံ၍ မြင်ရပြန်၍ စပါးကြီးအညို့ခံရသလိုဖြစ်ကာ ထိုနေရာမှ ဝေးအောင်

mgyoe.com

mgyoe.com

မသွားနိုင်သကဲ့သို့ ပြန်ပြီးတစ်ခါတည်း အပါးကိုကပ်လေ၏။

"မင်းဘယ်ကလဲကွယ့်"ဟု မရဲတရဲစွန့်ကာ မေးလေ၏။

သူငယ်မကလေးသည် မော့ကြည့်ပြီး မျက်စောင်းထိုးကာ ပြုံးသလိုလို ရန်လိုသလိုလို အမူအရာနှင့် အပြုံးနှင့်အမုန်း ရောစပ်ကာကြည့်ပြီး "ရှင်ဘာလုပ်ချင်လို့မေးသလဲ။ ကျွန်မအနားကပေါ့"ဟု ပြောလေ၏။

"ဒါဘယ်သူ့ကားလဲ။ မင်းသိသလား"

"ရှင်ရော ဘယ်သူ့ကားလဲလို့ သိသလား၊ "ငါတော့သိတာပေါ့။ မင်းသိသလားလို့မေးတာ"

"ကျွန်မ မသိပါဘူးရှင်။ ရှင်သိရင် ကျွန်မကိုဘာပြုလို့ လာပြီး မေးရတာလဲ"

"မင်းသိသလားလို့မေးတာပါ။ ပြီးတော့လည်း" "ဘာပြီးတော့လဲ"

"မင်းကို ငါသိသလိုလို ထင်လို့ပါ။ မြင်ဖူးသလိုလိုပဲ။ သည့်အတွက် စွန့်ပြီးမေးတာပါ စိတ်ဆိုးသလား"

"ကျွန်မလည်း သိသလိုလိုမို့ ရှင်းမေးတာကိုပြန်ပြီးပြောတာပါ"

"ဘယ်မှာများ သိဖူးမြင်ဖူးကြပါလိမ့်နော်။မြင်တော့ မြင်ဖူးတာပဲ"

"ဒါတော့ ကျွန်မလည်း မမှတ်မိဘူး။ ဒီကား မလှဘူးလား" "ဒါ ငါ့ကားကွယ့်"ဟု.ညာ၍ပြောလိုက်လေ၏။ ဘကွန်းသည် စိတ်ကူးပေါက်ရာကို ပြောတတ်ဆိုတတ်၊ ကြံမိကြံရာ ကြံတတ်သူတစ်ယောက်ဖြစ်လေသည်။ နောင်ရေးကို မမြော်တတ်သူတစ်ယောက် ဖြစ်လေ၏။ သို့အကြောက်အရွံ့ မရှိဘဲထင်ရာကို လုပ်ဝံ့ခြင်းသည်လည်း အခြားကြောင့်မဟုတ်။ မျိုးရိုးက ကောင်းသည့်ပြင် မိခင်မှာအတော်အတန် ဓနဥစ္စာနှင့် ပြည့်စုံ၍ ချစ်သူခင်သူ အပေါင်းအသင်းလည်း အတော်ပင်များသောကြောင့် ဖြစ်လေ၏။

"ဩော် ...ဒါရှင့်ကားလား။ လှတယ်ရှင်။ ဘာမျိုးလဲ"

"အော်စတင်ခေါ်တယ်။ အရင်ဆေးရောင်က ဝါကျင်ကျင်။ အခု အပြာသုတ်ထားတယ်။ ဆေးသုတ်ခ နှစ်ရာကျော်ကျော်ကျတယ်။ မျိုးကောင်းပဲ"

mgyoe.com

mgyoe.com

"ဘယ်လောက်ပေးရသလဲရှင်"

"များများမပေးရပါဘူး။ လေးထောင်ကျော်ကလေးရယ်။ မင်းဒီကားမျိုးစီးဖူးသလား"

"ဟင့်အင်း ...ကျွန်မ တစ်ခါမျှ မစီးဖူးဘူး"

"မင်းစီးမလား။ ကန်တော်ကြီးကိုတစ်ပတ်မောင်းပြီး မင်းနေတဲ့အိမ်ကို ပြန်ပြီးပို့ပေးမယ်။ မင်း ဒီကားကလေးနဲ့ သိပ်တော်မှာပဲ"

"ဘာပြုလို့လဲရှင့်"

"ကားကလေးကလည်းလှလှ၊ မင်းကလေးကလည်း လှလှမို့ပြောတာပါ"

"ဩော် ...ဟုတ်လား။ ကျွန်မကို တယ်မမြှောက်ပါနဲ့"

"မမြှောက်ပါဘူး။ လာလေ စီးချင်ရင်တက်ပါလား"ဟုပြောကာ ဘကွန်းသည် တံခါးကိုဖွင့်လေ၏။ မကြာမီ နှစ်ယောက်သားကားပေါ်ရောက်သွားပြီး ဝဲခနဲမြည်ကာ လမ်းအကွေ့သို့ရောက်ပြီး သွားကြလေ၏။ ဘကွန်းသည် နောက်ကိုပြန်၍ကြည့်ရာ မည်သူမျှထွက်၍မကြည့်သည်ကိုမြင်လျှင် သက်မကြီးချပြီး နောင်ရေးကို တစ်စုံတစ်ရာမတွေးဘဲ မိမိ၏အပါး၌ စိတ်ချလက်ချ ထိုင်၍လိုက်လာသော သူငယ်မကလေးကိုကြည့်ကာ ကြည်နူးလျက်မြူး၍သွားလေ၏။

ဒီကောင်မကလေးတော့ တစ်အိမ်အိမ်က အစေခံမကလေးပဲ။ ပျက်စီးစမို့ မသိတဲ့ငါ့ခေါ်ရာကို ကောက်ကောက်ပါအောင်လိုက်၍လာတာထင်ပါရဲ့။ အချောင်ပေါက်စ အေစိလှလှကလေးပဲ။ ငွေချူဖို့ ကြံရှာပြီး မငြင်းမဆန်ဘဲ အတွင်းဉာဏ်နှင့် သင်းရန်ရှာဖို့ ငါ့နောက်ကို လိုက်ရဲတာထင်ပါရဲ့ စသည်ဖြင့် တွေးတောလေ၏။ ထို့နောက် ဆက်ကာလက်ကာ ရုပ်ရည်ကလေးက အလွန်တရာမှ ကျက်သရေရှိပါပေသည်။ လက်ခြေကလေးတွေက သေးသေးသွယ်သွယ် နူးနူးညံ့ညံ့၊ မျက်နှာကလေးကလည်း ကြည်ကြည်လင်လင် သန့်သန့်ပြန့်ပြန့် နန့်တန့်တန့်အစားထဲကလည်း မဟုတ်တန်ရာ။ ဘယ်လိုဟာမကလေးနဲ့ ငါတွေ့၍လာရပါသတုံးစသည်ဖြင့် ဆင်ခြင်တွေး

mgyoe.com

mgyoe.com


တောကာ စီးကရက်ကို ဖွာရင်း ရောက်ရာပေါက်ရာကို စတိုင်ကျကျမောင်းနှင်၍လာလေသတည်း။

သူငယ်မကလေးသည်ကား ငြိမ်သက်စွာအပါး၌ထိုင်လျက် လိုက်၍လာလေ၏။

သို့စဉ်းစားရင်း မိန်းမပျိုကလေးကို ငုံ့ကြည့်ကာ "မင်း စီးကရက်သောက်မလား"ဟု မေးလေ၏။

"သောက်ချင်တာပေါ့ရှင်"

"သောက်ချင်ရင် ရော့"ဟုပြောကာ ငွေစီးကရက်ဘူးကို ထုတ်၍ပေးပြီး "မင်း ...မော်တော်ကားသွားခိုက်မှာ မီးခြစ်နှင့် စီးကရက်ညှိလို့ရမှာမဟုတ်ဘူး။ ရော့ ...ဒါနဲ့ ညှိ"ဟုပြောကာ မိမိ၏ပါးစပ်က စီးကရက်ကိုယူ၍ပေးလေ၏။

မိန်းမပျိုကလေးသည် စီးကရက်ကိုညှိ၍ သောက်လေ၏။

"ကျွန်မကို ဘယ်ခေါ်သွားမလို့လဲ"

"မခေါ်ပါဘူး။ ကန်တော်ကြီးဘက် ပတ်ပြီးပြန်ပို့ပါ့မယ်။ ကန်တော်ကြီးဘက် မရောက်မီ တို့များအိမ်တွေကို မင်းငါလိုက်ပြမလို့ပါ"

"ဩော် ...ရှင့်မှာ အိမ်တွေ အများကြီးရှိသလား"

"တယ်ကြီးမများပါဘူး။ တိုက်အလုံး ငါးဆယ်လောက် ရှိပါတယ်"ဟု ကြွားပြီး အဆောက်အဦးကြီးကြီး၊ ဆိုင်ကြီးတွေ့သမျှကိုပြကာ "ဟောဒါက ငါတို့တိုက်။ ငါးသောင်းပေးရတယ်။ မနှစ်ကပဲ ဝယ်တာ။ အိမ်လခလစဉ် ခြောက်ရာကျော်ကျော်ကလေးရတယ်"

"အိမ်လခ မှန်မှန်ရသလား"

"တစ်ခါတစ်ခါလည်း တရားစွဲရတယ်။ အိမ်ငှားသမားတွေက အင်မတန်ဒုက္ခပေးတာကလားကွယ်။ နို့ပေမယ့်လည်း ဒီလိုပဲ သည်းခံပြီးတောင်းရတာပဲ။ ဒရဝမ်ကုလားတွေကလည်း အိမ်ငှားများထံက ငွေကလေး (၁)ကျပ်၊ (၂)ကျပ်ရရင် အေးနေတာပဲ။ ဘယ်အိမ်က ဘယ်လောက်ရတယ်ဆိုတာ အခါတိုင်းလည်း ဘယ်မှတ်ထားနိုင်မလဲကွယ့်"

mgyoe.com

mgyoe.com


"ဟောဒါက ငါတို့ ကုန်လှောင်တဲ့ ဂိုဒေါင်ကြီးကွယ့်။ ဒါလည်း ကိုယ်ပိုင်ပါပဲ။ ဟိုဘက်တစ်ပိုင်းတော့ ဟန်ဂျီ–မန့်ဂျီဆိုတဲ့ ကုလားသူဌေး ကလေးတစ်ယောက်ကို ငှားထားတယ်။ ဟောဟိုဘက်က ငါးထပ်တိုက်ဟာ တော့ ဆောက်တုန်းပဲ။ မပြီးသေးဘူး။ နောက်သုံးလလောက်ကြာမှပြီးမယ်။ နေချင်တဲ့လူတွေကဖြင့် လျှောက်လွှာတင်ကြတာ။ ပြီးရင် ဘယ်အခန်းဘယ် လူရမယ်သာမသိဘူး။ အားလုံးနှစ်သိန်းကျော်ကျော်ကျတယ်။ ဒါတောင် ပုံစံကို သူများအခပေးပြီး ထုတ်ရတာမဟုတ်ဘူး။ ကိုယ်တိုင်ပလန်ရေး အက် စမိတ်ထုတ်ပြီး ကန်ထရိုက်ကိုလွှဲတာပဲ။ ရန်ကုန်မြို့မှာ အငှားတိုက်ထဲမှာ တော့ သည့်ထက်ခန့်တာ မရှိသေးပါဘူး။ စက်လှေကားတပ်မယ်"

"ဩော် ...စက်လှေကားနဲ့လား။ ရန်ကုန်မြို့ အငှားတိုက်ထဲမှာ စက်လှေကားမရှိကြသေးဘူး"

"ဒီတိုက် ပထမစက်လှေကားတပ်တဲ့ တိုက်ပေါ့"

မိန်းမပျိုကလေးက အံ့ဩသော အမူအရာနှင့် ၎င်းပြသမျှ အဆောက် အဦးတွေကို ကြည့်၍လာလေ၏။ ထို့နောက် မြို့ပြင်သို့ တစ်ဖန် ရောက်ကြ ပြီးလျှင် ကန်တော်ကြီးကိုပတ်လေ၏။

နေမင်းသည် အနောက်ဘက်ကနေ၍ လောကဓာတ်ကို ရောင်ခြည် ဖြင့် ဆေးကြောလေ၏။ သာယာသော ကန်တော်ကြီး၌ ရွှေတိဂုံစေတီတော် မြတ်ကြီး၏ ပုံတော်သည် ဝင်းဝင်းကြီးထင်၍နေလေ၏။

သို့သွားရာ ကန်တော်ကြီးကိုပတ်ပြီးလျှင် လမ်းမတော်ဘက်သို့ ကွေ့၍သွားပြီး လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှေ့၌ရပ်ကာ အခန်းကလေး တစ်ခု၌ ဝင်ကာ လက်ဖက်ရည်သောက်ကြလေ၏။

"မော်တော်ကားနဲ့ လည်ရတာ ပျော်စရာမကောင်းဘူးလား"

"ကျွန်မ သိပ်ပျော်တာပဲ။ တစ်ခါမှ ကျွန်မဒီလို မလည်ဖူးဘူး"

"ငါလည်း မော်တော်ကားကိုဝယ်ကတည်းက မင်းလို မိန်းမချော ကလေးတစ်ယောက်နဲ့ ခုတစ်ခါ လည်ဖူးတာပဲ။ စားလေ မရှက်ပါနဲ့ကွယ့်။ ကြောက်လည်းမကြောက်ပါနဲ့ နော်။ စိတ်သာချ ငါအခုပဲပြန်ပြီး ပို့မယ်"ဟု

mgyoe.com

mgyoe.com

ပြောပြီး စားပွဲပေါ်၌တင်ထားသော လက်ကလေးကို မိမိ၏လက်နှင့်အုပ်ကာ ကိုင်ဆွဲလိုက်လေရာ မိန်းမပျိုကလေးသည် လက်ကိုသိမ်းလိုက်ပြီး "အလို ရှင် ဘယ့်နှယ့်လုပ်တာလဲ"ဟု ပြောလေ၏။

ဘကွန်းက "သြော် ...စိတ်မဆိုးပါနဲ့ကွယ်။ မင်းလက်ကလေးပေါ်မှာ ခြင်ကောင်ကလေးလာပြီးနားလို့ ခြင်ကလေးကို ဖမ်းလိုက်တာပါ။ မင်းရှန်းတာနဲ့ လွတ်သွားတယ်"ဟုပြောရင်း အပြင်ကိုကြည့်လိုက်ရာ ကားအနီး၌ မြန်မာပုလိပ်အရာရှိတစ်ယောက်ရပ်ကာ ကားကိုကြည့်၍နေသည်ကို မြင်ရလေလျှင် ထိတ်ခနဲဖြစ်ကာ ငါ့ကိုတော့ ကေနှ ကားခိုးမှုနဲ့ဖမ်းမလို့ ပုလိပ်လိုက်လာတာပဲဟုတွေးပြီး မျက်နှာပျက်၍ သွားလေ၏။

ထို့နောက် ဣန္ဒြေလုပ်ကာ လက်ဖက်ရည်ကို သောက်လေ၏။ သောက်၍ပြီးကြသောအခါ ဆိုင်မှထွက်ကြလေ၏။ အပြင်သို့ရောက်သောအခါ ဘကွန်းသည် ကားအနီးသို့ ရုတ်တရက်မကပ်ဝံ့သဖြင့် "ကိုင်း ... ကားစီးရတာ နည်းနည်းမညောင်းဘူးလား။ ဟိုဘက်နား ခြေကျင်လျှောက်ပြီး ပြန်လာမှတစ်ခါ စီးပြန်တာပေါ့"ဟု ပြောလေရာ မိန်းမပျိုကလေးသည် မငြင်းမဆန်ဘဲ လိုက်၍လာလေ၏။ နောက်သို့ မောင်ဘကွန်းလှည့်၍ကြည့်လိုက်သောအခါ ပုလိပ်အရာရှိနှင့်တူသောလူသည် ကားနားမှမခွာသေးဘဲ ကားကိုဆက်လက်ကြည့်ရှုနေသည်ကိုပင် မြင်ရလေ၏။

အတန်ကလေး ဝေးစွာလျှောက်ပြီးနောက် တခြားလမ်းဘက်မှ ၎င်းကားရှိရာသို့ လှည့်ပြန်၍လာလေရာ ပုလိပ်အရာရှိကို ကားအနီး၌တွေ့၍နေပြန်လေ၏။ ထိုအခါ မိန်းမပျိုကလေးနှင့်ဘကွန်းသည် ကားအနီးသို့ ကပ်လာကြပြီး စကားပြော၍ နေကြပြီးနောက် ဘကွန်းက ပုလိပ်အရာရှိအား "ဒီကနေ့ ညနေ အတော်ကလေး အိုက်တယ်ခင်ဗျာ။ လေကောင်းကောင်း မတိုက်ဘူး"ဟု ပြောလေ၏။

ပုလိပ်အရာရှိကလည်း "ဟုတ်တယ်။ မိုးအုံ့နေတယ်။ ဆောင်းတွင်းဟာ ဆောင်းတွင်းနဲ့တောင် မတူဘူး"

"ဟုတ်ကဲ့။ အခု တပို့တွဲလထဲတောင် ရောက်လာပြီ။ ကျွန်တော်တို့

mgyoe.com

mgyoe.com


သွားပါဦးမယ်ခင်ဗျာ”ဟုပြောပြီး ကားတံခါးကိုဖွင့်၍ ဝင်ပြီးမောင်း၍ထွက်လာကြလေရာ ပုလိပ်အရာရှိသည် ကားနှင့်ပတ်သက်၍ တစ်စုံတစ်ရာမျှ မပြောဘဲ နေရစ်လေ၏။ နောက်သို့လှည့်ပြန်၍ ကြည့်လိုက်သောအခါ ၎င်းပုလိပ်အရာရှိသည် အခြားသူတစ်ယောက်နှင့်တွဲပြီး လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်သွားသည်ကို မြင်လိုက်ရလေ၏။ ထိုအခါမှ စိတ်ထဲ၌ဝင်၍နေသော အကြောက်လုံးကြီး လျှော့ကျ၍ သက်သာရာ ရသွားပြီးလျှင် အေးအေးဆေးဆေး မောင်းနှင်၍သွားလေ၏။

သူငယ်မကလေးကိုတွေ့သောနေရာလမ်းဘက် မနီးမဝေးသို့ ရောက်သောအခါ “ကိုင်း... မင်းကိုအိမ်အထိလိုက်ပို့ရင် တော်မယ်မဟုတ်ဘူး။ နောက်မှတွေ့ကြရအောင်နော်။ မင်း ဒီကဆင်းပြီး အိမ်ကိုပြန်မှတော်မယ် ထင်တယ်ဟု ပြောလေရာ သူငယ်မကလေးသည် ကားပေါ်မှဆင်း၍ နှုတ်ဆက်ပြီး ခပ်ဖြည်းဖြည်းထွက်သွားလေ၏။ ဘကွန်းလည်း ငါဒီကားကို သူ့နေရာရောက်အောင် ဘယ်နေရာကတွေ့ပြီး ပြန်ထားရပါ့မလဲဟု စဉ်းစားရင်း ကားပေါ်သို့ ပြန်အတက်မှာ မွေးကြိုင်သော လက်ကိုင်ပဝါကလေး တစ်ထည်ကိုတွေ့လေလျှင် ကောက်၍ကြည့်ရှုလိုက်ရာ မစ်ဆစ်စ်–တင်ဟူသော စာကို လက်ကိုင်ပဝါကလေး၌ တွေ့ရလေ၏။

ထိုအခါ အံ့အားသင့်၍နေလေ၏။ အကြောင်းမူကား ဝတ်လုံဦးတင်မှာ နာမည်ကျော် အစိုးရရှေ့နေကြီးဖြစ်သည်ကို သိပြီးဖြစ်လေ၏။

ထိုအခါ စိတ်ထဲ၌များစွာ မသက်မသာဖြစ်လေ၏။ ဒီကောင်မကလေးဟာ ဝတ်လုံတော်ရ ကတော်ပဲလား။ ဝတ်လုံတော်ရကတော်ဖြစ်ရင် ဒီကားဟာ သူ့ကားနဲ့ပဲတူတယ်။ ဝတ်လုံဦးတင် ဒီကားကလေးမျိုးကို စီးလာတာ ငါမြင်ဖူးသလိုလိုရှိတယ် စသည်ဖြင့် တွေးမိလေ၏။

သို့တွေးမိသည်နှင့်တစ်ပြိုင်နက် မိန်းမပျိုကလေးနောက်သို့ ပြန်၍ ကားနှင့်လိုက်ကာ ဟွန်းကို မှုတ်လေ၏။ မိန်းမပျိုကလေးသည် နောက်သို့လှည့်၍ ကြည့်လေ၏။ မကြာမီကားသည် ၎င်း၏အနီးသို့ ရောက်သွားလေ၏။

ဘကွန်းသည် ကားပေါ်မှဆင်းကာ လက်ကိုင်ပဝါကလေးကိုပြကာ

mgyoe.com

mgyoe.com

ပေးလေ၏။ မိန်းမပျိုကလေးသည် လက်ကိုင်ပဝါကိုလှမ်းယူကာ ပြုံးလျက် "သြော် ... ကျွန်မ မေ့ကျန်ခဲ့တယ်"ဟုပြောပြီး မသွားသေးဘဲရပ်ကာ ဘကွန်းကို ကြည့်၍နေလေ၏။ ၎င်း၏ကြည့်ပုံမှာ လွန်စွာထူးခြားလေရာ စိတ်ထဲ၌ သာ၍ မသင်္ကာဖြစ်သောကြောင့် တစ်ကြောင်း၊ မိမိ၏လိမ်လည်မိသည်ကို ဖွင့်၍ပြောလိုသောကြောင့်တစ်ကြောင်း အဘယ်ကြောင့် လိမ်လည်မိသည်ကို ဝန်ချလိုသောကြောင့်တစ်ကြောင်း ၎င်းကားကို သူ့နေရာသို့ပြန်၍ ပို့လိုသဖြင့် သို့ပို့ခြင်း၌ ကူညီစေလိုသောကြောင့်တစ်ကြောင်း ဒါဘယ့်သူ့ကားလဲဟု သူငယ်မကလေး၏ မျက်နှာကိုစိမ်းစိမ်းကြည့်ကာ မေးလေ၏။

သူငယ်မကလေးသည် ရယ်လျက် "ကျွန်မကားပါရှင့်"ဟုပြောလေ၏။

ထိုအခါ ဘကွန်းမှာ မျက်လုံးများ နီလျက် "နို့ ...ဘာပြုလို့ မင်းက ဒီကားကို ငါ့ကားလို့ပြောရသလဲ။ ဘာပြုလို့ မင်းကားဖြစ်ကြောင်းမပြောတာလဲ"

"ကျွန်မ ဘယ်ပြောရလို့လဲ။ ရှင်က ဒီကားကို ရှင့်ကားလို့ပြော တော့ ကျွန်မက ကျွန်မကားလို့ ဘယ့်နှယ့်လုပ်ပြီးပြောရမှာလဲရှင့်"

"သြော် ဖြစ်မှဖြစ်ရလေ၊ စိတ်မဆိုးပါနဲ့ကွယ် ချမ်းသာပေးပါ၊ မင်းကို မြင်လျှင်မြင်ချင်း လှလွန်းလို့ အသိဖွဲ့ချင်လို့ ဒါနဲ့အရူးလိုဖြစ်ပြီး ထင်မိထင်ရာကိုပြောပြီး ညာမိတာပါ၊ အခွင့်ပေးပါ ကားကိုခိုးဖို့ ကြံတာတော့ မဟုတ်ပါဘူး"

"ကျွန်မလည်း ရှင့်ကို မြင်လျှင်မြင်ချင်း မောင်လိုနှမလိုချစ်တာနဲ့ ဘာမှမပြောဘဲ လိုက်လာခဲ့တာပဲ"ဟု ခေါင်းငုံ့ကာပြောပြီး ကြီးသောမျက်လုံးကြီးများနှင့် ဘကွန်း၏မျက်နှာကို မော်ကြည့်လေ၏။

"အဲဒါ ဒုက္ခဖြစ်တာပဲ၊ မင်းလက်ကိုင်ပဝါကိုကြည့်တော့ မင်းက အပျိုမဟုတ်၊ ယောကျ်ားနဲ့ဖြစ်နေတယ်။ သည်တော့ ငါအမှားကြီးမှားတာပဲ"

"ကျွန်မမှာ ယောကျ်ားရှိတယ်လို့ ဘယ်သူရှင့်ကိုပြောသလဲ"

"မင်းလက်ကိုင်ပဝါမှာ မစ်ဆက်စ်တင်လို့ ရေးထားပါလား"

mgyoe.com

mgyoe.com

ထိုအခါ မိန်းမပျိုကလေးသည် ရယ်မောလျက် "ဒါကကျွန်မအမေ လက်ကိုင်ပဝါရှင့်၊ ကျွန်မပဝါချင်းမှားပြီး ကိုင်လာတာပါ။ ဦးတင်က ကျွန်မ ဖခင်ပါ"

"သြော် ... အစိုးရ ရှေ့နေကြီး ဦးတင် မဟုတ်လား"

"ဟုတ်ပါတယ်"

"သြော် ဦးတင့်မှာ မင်းလောက်ကြီးတဲ့သမီးလည်း ရှိသကိုးဟု ပြောပြီး ဘကွန်း၏မျက်နှာမှာ ဝမ်းနည်းလျက် ငယ်၍သွားပြီး ဒီလိုဖြင့် မင်းနဲ့ ငါနဲ့တွေ့ရပုံ အင်မတန်ထူးတာပဲ။ ရေးကဘယ်လိုရေစက်ဆုံခဲ့တယ် မသိ ဘူး။ မင်းကိုမြင်လျှင်မြင်ချင်း စိတ်ထဲမှာ တစ်ကြိမ်တစ်ခါမှမဖြစ်ဖူးတာမျိုး တွေဖြစ်ပြီး စွန့်စားမိခဲ့တာပဲ။ နို့ပေမယ့် သိပ်ခက်တာတစ်ခုက ရှိနေသေးတယ်။ ဘယ်လိုကြံရမလဲ မသိဘူး"

"ဘယ်လိုခက်တာလဲရှင့်၊ ရှင်ကလည်း ကျွန်မကိုချစ်တယ်၊ ကျွန်မ ကလည်း ရှင့်ကိုချစ်တယ်၊ မချင်ရင် ကျွန်မအခုလို လိုက်ခဲ့ပါ့မလား။ ဘာများ ခက်ရတာတုံး"

"ငါ့ကို ... ငါ့အမေက တခြားမိန်းကလေးတစ်ယောက်နဲ့ စပ်ထား တယ်"

"သြော် ... ဒီလိုလား၊ ဘယ်သူနဲ့ပဲစပ်စပ် ကိုယ်စုံမက်ရာ ယူတာပေါ့၊ ဘာဖြစ်သလဲ၊ ရှင့်လိုပြောရမှာဖြင့် ကျွန်မကိုလည်း ကျွန်မမိဘများက လူတစ် ယောက်နဲ့ စပ်ထားတာပဲ"

"သြော် ... ဟုတ်လား၊ ဘယ်ကလူလဲ ... ဘယ်သူလဲ"

ထိုအခါ မိန်းမပျိုကလေးသည် မျက်နှာများ ဝင်းဝင်းတောက်အောင် ပြုံးရယ်လျက် "ရှင်သိချင်သလား"ဟု လက်ကိုင်ပဝါစကလေးကို ကိုက်ခါ ပြောလေ၏"

"သိချင်တာပေါ့ကွယ်"

"ကျွန်မနဲ့စပ်ထားတဲ့လူဟာ ဒေါ်မေ့သား ကိုဘကွန်းတဲ့ရှင့်၊ သိပြီလား"

ထိုအခါ ဘကွန်းသည် သူငယ်မကလေး၏မျက်နှာကို အံ့အားသင့်

mgyoe.com

သော မျက်လုံးများနှင့် ကြည့်၍နေပြီး စိတ်အားထက်သန်စွာနှင့် အမယ်လေး ဟုတ်လား၊ တကယ်ပဲလား၊ ငါနဲ့စပ်ထားတာ မင်းပဲလားဟု အားရဝမ်းသာ မေးလေ၏။

"ဟုတ်ပါတယ်။ ရှင်နဲ့ကျွန်မနဲ့ ကားနားမှာရပ်ပြီး စကားပြောနေကြ တော့ ရှင့်အမေရယ် ကျွန်မအမေရယ် အိမ်ပေါ်က ချောင်းပြီးကြည့်နေကြ တယ်။ ကျွန်မနဲ့ရှင်နဲ့ ကားပေါ်ကိုတက်တော့ ရယ်ကျန်ရစ်ခဲ့ကြတယ်" ဟုပြောလေ၏။

"ဟင် ... မမက မင်းတို့အိမ်ကို ဘယ်အချိန်က ရောက်နေပါလိမ့်။ လာ လာ တစ်ပတ်လောက်လှည့်ကြရအောင်" ဟု ပြောကာခေါ်လေ၏။ မိန်းမပျို ကလေးက ငြင်းဆန်ကာ "ဟင့်အင်း ... ဟင့်အင်း မေမေဆိုနေလိမ့် မယ်။ နောက်တစ်နေ့မှ ... နောက်တစ်နေ့မှ"

"ဘာထူးတော့လဲကွယ်။ သူတို့လည်း အသိသားပဲ"

"ဟင့်အင်း ...ထူးထူး–မထူးထူး–တော်ပြီ–တော်ပြီ"

"အမယ်လေးလာပါ၊ တစ်ပတ်တည်းပါ။ အင်းလျားတစ်ပတ်တည်း ပါ။ ပြီးရင် ဆက်ဆက်ပြန်ပို့မယ် လာပါ။ မင်းကိုလက်ဖျားနဲ့တောင် မတို့ပါဘူးဟု ပြောပြီး၊ တောင် မြောက်လေးပါးလှည့်ကြည့်ပြီး အနီးအပါး၌ လူသူ လေးပါး မရှိသည်ကိုမြင်သဖြင့် ရိပ်ညိုမှိုင်းမှုန်သော သစ်ပင်များ အောက်၌ မိန်းမပျို၏ခါးကို ပွေ့ယူကာ ကားထဲသို့ အတင်းသွင်းပြီး စက်ကင်းရောင်း ဒုတိယတစ်ပတ်ကို လေညင်းခံရင်း လှည့်ကြလေရာ ရှစ်နာရီ ဒင်ဒင်အထိုးတွင် အိမ်သို့ပြန်၍ ရောက်ကြလေလျှင် မိခင်နှစ်ပါး သည် ၄င်းတို့ကိုဆီး၍ ကြိမ်းမောင်းပြီးနောက် တနင်္ဂနွေတစ်ပတ်လောက် ကြာသောအခါ ဂျူဘီလီဟောဒ၌ ကြီးကျယ်စွာ မင်္ဂလာဆောင်ကြရရှာ လေသတည်း။

ကဝိမျက်မှန်မဂ္ဂဇင်း၊ မတ်လ၊ ၁၉၂၈ ခုနှစ်။

❑

mgyoe.com

mgyoe.com


ဆရာကြီးပီမိုးနင်းသည် 'ဆရာကြီး' ဟူသောအမည်ဖြင့် ဝတ္ထုတို ၂ ပုဒ် နာမည်တူရေးသားခဲ့ရာ ပီမိုးနင်းဝတ္ထုပဒေသာ အမှတ်–၂ တွင် ဆရာကြီးအမည်ဖြင့် ၁ ပုဒ် ပါဝင်ပြီး ယခု မူကွဲတစ်ပုဒ်အဖြစ် ဆရာကြီးဝတ္ထုတို ၁ ပုဒ်ကို ထပ်မံဖော်ပြခြင်းဖြစ်သည်။

mgyoe.com

mgyoe.com

# ဆရာကြီး

မောင်တင်အောင်သည် ပန်းပြောက်ပန်းပေါက်ကလေးများနှင့် လှပစွာဆင်ထားသော လက်ကိုင်ပဝါသေးသေးနုနု၊ ဖြူဖြူဆွတ်ဆွတ် ကလေးကို ကိုင်ကာ ကြည့်၍နေရင်း သက်မကြီးချလိုက်လေ၏။ သက်မချ လိုက်ရခြင်း၏ အကြောင်းရင်းသည်ကား ရင်ဝ၌လေလုံးဆို့၍လာခြင်းကြောင့် ဖြစ်လေသည်။ လေလုံးဆို့ရခြင်း၏ အကြောင်းရင်းကား အခြားမဟုတ် ထိုလက်ကိုင်ပဝါကလေးမှထွက်ပေါ်သော သင်းပျံ့သောရေမွှေးနံ့ကလေး ကြောင့်ဖြစ်လေ၏။ အဘယ်ကြောင့်ထိုရေမွှေးနံ့ကလေးကို ခံရရှုမိမှုနှင့် လေလုံး ဆို့၍လာပါသနည်းဟု ဆိုသော် ယမန်နေ့ညက ဆရာမ မနှင်းစိန် အိမ်ကို လာ၍အလည်မှာ မိမိထိုင်၍နေသော နေရာအနီးဖြတ်၍အသွားတွင် ထိုရေမွှေး နံ့ကလေးတော့ကာ ၄င်း၏နှာဝကို လာစ၍သွားခြင်းကြောင့်ပေတည်း။



mgyoe.com

 mgyoe.com 

မောင်တင်အောင်သည် နေရှင်နယ်ကျောင်း အထက်တန်းသား ဖြစ်၏။ ဆရာမကလေးမှာ အလယ်တန်းကိုပြသော ဆရာမကလေးဖြစ်သဖြင့် မိမိနှင့်တစ်စုံတစ်ရာ မသက်ဆိုင်ချေ။ သို့သော် မောင်တင်အောင်၏ မိခင်ဖြစ်သူနှင့် ဆရာမကလေး၏မိခင်မှာ ငယ်သူငယ်ချင်းဖြစ်ပြီး နှစ်ပေါင်းအတော်ကြာ မတွေ့ကြရဘဲ တစ်မြို့စီနေကြရသဖြင့် ဤကျောင်းသို့ ဆရာမကလေးရောက်၍လာသောအခါ ဆရာမကလေး၏မိခင်က မိမိ၏သူငယ်ချင်း မပြုသည် ရန်ကုန်မြို့မှာရှိကြောင်း၊ သွား၍မိတ်ဆွေဖွဲ့ဖို့လိုကြောင်း မှာကြားလိုက်သဖြင့် ဆရာမကလေးရောက်လာစမှာ အလည်အပတ်လာခြင်းဖြစ်လေသတည်း။

ဆရာမကလေးမှာ ကျောင်းသို့ရောက်သည်မှာ တစ်လမှမကြာသေးချေ။ တင်အောင်သည် ဆရာမကလေးရောက်သောနေ့ကစပြီး အတန်းထဲမှာ ပထမဆွဲရာမှ နောက်ပိတ်ခွေး ဖြစ်၍သွားလေ၏။ နောက်ပိတ်ခွေးဖြစ်သော်လည်း တင်အောင်သည် ဆရာမလေးအပေါ်၌ ဘယ်လိုမှ သဘောမထားချေ။ သူ့အတွက်ကြောင့် ငါသည်ဆရာ၏ ပြစ်တင်မောင်းမဲခြင်းကိုခံရသည်ဟု အောက်မေ့ကာ စိတ်မနာသည်သာမက ဆယ်တန်းမှအတန်းချခံရပြီး ဆရာမကလေးသင်ပေးသော ၇ တန်းကိုပဲ ဝင်ရစေကာမူ ထိုအတန်း၌ဆရာမကလေးသင်သမျှ နှစ်စဉ်စာမေးပွဲ အရှုံးခံသင်ရဲ့ဟု သဘောထားလေ၏။

ဤလိုဖြစ်ခြင်းကို မည်သူ၏အပြစ်ဟု ဆိုပါမည်နည်း။

ကျောင်းဆရာကြီး ကိုဘခက်သည် မောင်တင်အောင်ကို ဉာဏ်ကောင်းသည့်အတွက် အခြားတပည့်တို့ထက်ပို၍ ချစ်သဖြင့် ယခုလို သင်မရဘဲနေသည့်အခါ အလွန်တရာ စိတ်မကောင်းဖြစ်ပြီးလျှင် ဒေါသနှင့် အပြစ်တင်ရုံမက တစ်ခါတစ်ခါ ရိုက်မောင်းပြု၍ ရှက်ကြောက်လောက်အောင် ပြောဆိုလေ၏။

မောင်တင်အောင် ထိုကဲ့သို့ အပြောခံရသောအခါ ဆရာမကလေးသည် မိမိ၏အတန်းကိုပြရာမှ ရပ်တွေကာနားထောင်ပြီး မျက်နှာပျက်နေ

mgyoe.com

သော တင်အောင်ကို ကြင်နာသနားသောအမူအရာနှင့် ကြည့်မိလေ၏။ တင်အောင်သည် မိမိ၏ မိခင်သူငယ်ချင်းသားဖြစ်ကြောင်းကိုလည်း ဆရာမကလေး သိ၏။ အတန်းထဲ၌ အဖက်ဖက်က အတော်ဆုံးဖြစ်သည်ကိုလည်း ကြားဖူး၏။ ရုပ်ရည် သားနား သနားကမား ယောက်ျားပျိုကလေးဖြစ်သည်ကိုလည်း မြင်၏။ အသက်နှစ်ဆယ်ခန့်ရှိသဖြင့် မိမိနှင့်ရွယ်တူသည်ကိုလည်း တွေးမိ၏။ သို့အတွက် ဂရုစိုက်မိခြင်းဖြစ်သလား မသိချေ။

ငါ ဤလက်ကိုင်ပဝါကလေးကို သူ့အားဘယ်လိုပြန်၍ ပေးရပါ့မတုံး။ သည်လက်ကိုင်ပဝါကလေးဟာ သူ၏လှပသော ပါးကလေးပေါ်ကို ခဏခဏရောက်တဲ့ ပဝါကလေးပါပဲ။ "ဟဲ့ ..ပဝါ၊ နင်ဘယ်လိုကုသိုလ်ပြုခဲ့လို့ နင့်ဆရာမလေးမျက်နှာပေါ်ကို ခဏခဏရောက်ရသလဲ။ အမယ်လေး ဟောဒီရေမွှေးနံ့နဲ့ရောနှောနေတဲ့ အနံ့ကလေးကတော့ ပေါင်ဒါနံ့ပဲ"ဟုပြောကာ ပဝါကလေးကို လက်ထဲ၌ မဖြစ်မညှစ်ဘဲ ပွပွရွရွကလေးကိုင်ကာ မိမိ၏ နှာခေါင်းနှင့်တေ့ပြီး တစ်ကိုယ်တည်းပြုံးကာ ဖြန့်လျက် သေချာစွာကြည့်ပြန်၏။

ဒီပန်းပြောက်ကလေးတွေကို ထိုးတဲ့လက်ဟာ အင်မတန်လှတဲ့ လက်ကလေးတွေပဲ။ ဒီလိုလှတဲ့ ပန်းပြောက်ကလေးတွေလို လုပ်နိုင်သူကလေးဟာ အင်မတန်စိတ်ကူးယဉ်မှာပဲ။ သူ့ခမျာကလေးမှာ ပဝါကလေးပျောက်တာနဲ့ စိတ်စက်များနောက်နေရှာမလား။ သူ့နာမည်ပန်းစာလုံးကလေးသုံးလုံးဟာ အင်မတန်မှ လှပါပေတယ်။ "သြော် ...ဆရာမ၊ ဆရာမ ..မနှင်းစိန် မနှင်းစိန်။ ငါ့တမင်ဒုက္ခပေးစေဖို့ မုချအလကား မင်းရောက်၍လာတာပါပဲ။ ငါတို့လို လူကိုလည်း လေးစားဂရုပြုမှာမဟုတ်။ ဘီ–အေ–ဘီ–အယ်။ ဘီ–တီဆိုတဲ့ ဘွဲ့သုံးတန်ရ ဆရာကြီး ကိုဘခက်လို လူလောက်ကသာ သူတကယ် မှန်းမှာပဲ။ ဒီဆရာကြီးကိုမှ မမှန်းရင်လည်း ဘယ်သူ့ကိုမှမှန်းမယ်မဟုတ်ပါဘူး။ ငါ့မှာတော့ စာမေးပွဲရှုံးပြီး အရူးလုံးလုံးလျားလျားဖြစ်ဖို့ရန် တမင်ကြံ၍လာတာပါပဲ စသည်ဖြင့် စိတ်၌အောက်မေ့ကာ ပဝါကလေးကို ရုပ်အင်္ကျီအိတ်ထဲသို့ ရွရွကလေးထိုး၍ထည့်ပြီး ပြတင်းပေါက်၌ မေးထောက်

mgyoe.com

mgyoe.com

ကာ ငေး၍နေရှာလေသတည်း။

ထမင်းစားသောအခါ၌ ဤလက်ကိုင်ပဝါက ရေမွှေးနံ့ကလေးသည် နှာခေါင်းသို့ရောက်သဖြင့် တစ်ဖန် အလုံးဆို့သောကြောင့် ထမင်းကိုမျို၍ မကျသည်အတွက် နေ့ခင်းကျောင်းလွှတ်မှ မစာဥဆီမှာ အုန်းထမင်းဝယ်စားတော့မှပဲဟု တွေးပြီး လက်ဆေး၍ထလေ၏။

ကျောင်းသို့ရောက်သောအခါ ဆရာမကလေးရောက်လာပြီလား ဟု ကြည့်လေ၏။ မရောက်သေးသည်ကိုတွေ့၏။ လာတတ်သောလမ်းကို မျှော်၍ ဘယ်ကစောင့်ရမည်၊ သည်ပဝါကို သူ့လက်သို့ရောက်အောင် ဘယ်လို ပေးရမည်နည်းဟူ၍ကြံ၏။ ကျောင်းသူတွေမြင်မှာကိုလည်း စိုး၏။ ဆရာကြီးသိမှာကိုလည်း ကြောက်၏။ နို့ပြီးသည်နောက် ငါ့ကိုဘယ်လိုများ ထင်မလဲဟူသော စသည့်ထွေရာအကြောင်းတွေကို ပေါင်းစဉ်းစားကာ တွေဝေလျက်၊ တန်းပေါ်၌ တက်ကာ စာဖတ်သလို ဟန်ဆောင်လျက်မျက်လုံးမှ ဟန်မဆောင်နိုင်ဘဲ မနည်းကြီးထိန်းလို့မှမရ။ ဆရာမ ဆရာမဟု၊ တမ်းတကာ တွေးဆမျှော်တွေး၊ လာမည့်လမ်းဘက်ကိုသာ မှန်းကာမှန်းကာ ငေး၍ နေလေသတည်း။

ဂလိုင် ဂလိုင် ဂလိုင် ဂလိုင် ကျောင်းခေါ်ပြီ။ ကိုယ်တော်မြတ်မ မပေါ် လာသေးပါကလားဟု အောက်မေ့လေ၏။ ထိုင်ရာမှထ၏။ နောက်မှ သတိရပြီး ဟန်ကျပြီ။ လာနောက်ကျ၍ မည်သူမှအနားမှာမလာလျှင် ငါပဝါကိုပေးနှင့်ရမည်ဟုစဉ်းစားမိပြီးပြန်၍ထိုင်ကာနေလေ၏။ ကျောင်းသားတွေ ကျောင်းတက်ကြလေ၏။ တွေးသည့်အတိုင်း ဆရာမကလေး ခြင်းကလေးကို ဆွဲကာ ကျောင်းသို့နောက်ကျသော ကျောင်းသားမကလေးနှင့် အသော့ကလေးလာ၏။ မောင်တင်အောင် အိပ်ငိုက်ဟန်ဆောင်၍နေ၏။ ဖိနပ်သံနီး၍လာ၏။ "အလို ဘာဖြစ်နေပါလိမ့်။ နေမကောင်းဘူးလား"ဟု အလွန်သာယာအေးမြစွာ မေးသောအသံကို ကြားရသဖြင့် ငေါက်ခနဲခေါင်းကိုမော့ကြည့်၏။

"ဩော် ...ကျောင်းတက်ကုန်ပလား ဆရာမ"

"တက်ကုန်ပြီ။ ဘာဖြစ်လို့လဲ"

mgyoe.com

mgyoe.com

"ကျွန်တော် ညက အိပ်မရလို့ အိပ်ငိုက်သွားတယ်" ဟုပြောပြီး ကပျာကယာထလေ၏။ ဆရာမက "သြော် ...အဆူခံရဦးမှာပဲနော်"ဟု သနားသော အသံကလေးနှင့် ပြော၏။ တင်အောင်သည် လက်ကိုင်ပဝါကိုမပေးဝံ့ဘဲ ပြေး၍သွားလေ၏။ မောကြီးပန်းကြီးနှင့် ကျောင်းပေါ်သို့ရောက်၏။ အတန်ငယ်ကြာမှ ဆရာမတက်၍လာလေသတည်း။ ဆရာကြီးသည် ဆရာမကိုလှမ်း၍ကြည့်ပြီး တင်အောင်ကိုကြည့်ကာ "မင်း ...ဘယ်သွားနေသလဲ"ဟုမေးရာ တင်အောင်က"ညကမအိပ်ရလို့ ကျွန်တော်ကျောင်းအောက်မှာ အိပ်ငိုက်နေတယ်"ဆရာဟု ပြောပြီး မိမိ၏နေရာသို့ဝင်၍ ထိုင်လေ၏။ ဆရာသည် အတန်ငယ်ကလေးကြာစွာ စိုက်ကြည့်ပြီးမှ မိမိနေရာ၌ ထိုင်၍ စာပြလေသတည်း။

နေ့လယ်ကျောင်းဆင်းသောအခါ တင်အောင်သည် ဆရာမအပါးသို့ လာပြီး

"ဆရာမ၊ ညက လက်ကိုင်ပဝါကလေး" ဟု အသံက တုန်တုန်ရီရီ မျက်နှာနီနီနှင့်ပြော၍ ပေးလေ၏။

ဆရာမသည် ပြုံးသောမျက်နှာနှင့် တင်အောင်ကိုကြည့်ကာ

"သြော် ...ဟုတ်တယ်။ ပျောက်နေတယ်မှတ်လို့ ရှာလိုက်တာ။ ကျေးဇူးကြီးလှပြီ ကိုတင်အောင်"ဟု ပြောကာ ယူလေရာ လက်ဖျားကလေးချင်း ထိမိလေ၏။ တင်အောင်မှာ ထိုနေ့ညနေ အတော်စာရ၍သွားလေသတည်း။

ညနေကျောင်းဆင်း၍ ပြန်သောအခါ ကျောင်းပေါ်၌ ဆရာကြီးနှင့် ဆရာမကလေး စကားပြော၍နေသည်ကို မြင်ရလေရာ ရင်ထဲမှာလေး၍ လာလေ၏။ နှစ်ယောက်စလုံး ရွှင်ရွှင်ပျပျပြော၍ နေကြသည်ကို မြင်ရလေ၏။ ဆရာမကလေး၏ ခြင်းထဲမှ တစ်ခုခုကျသဖြင့် ဆရာကြီးက ကုန်း၍ကောက်ပေးသောအခါ မိမိပေးလိုက်သော လက်ကိုင်ပဝါကလေးပင်ဖြစ်သည်ကိုသာ မြင်လိုက်ရသဖြင့် ရင်ထဲမှာ ထိတ်ခနဲဖြစ်ပြီး ၎င်းတို့နှစ်ယောက်စကားပြောဆိုနေပုံကို တစ်လမ်းလုံးမြင်၍ သွားလေသတည်း။

mgyoe.com

mgyoe.com

ညနေအခါတိုင်း တင်အောင်သည် ဆရာမကလေး အစေခံမကြီး တစ်ယောက်နှင့်အတူနေသော အိမ်ကလေး၏အနီးသို့ သွားလေ့ရှိလေ၏။ ခြံစည်းရိုးအပြင်မှ ပြတင်းပေါက်အတွင်းကိုကြည့်သည်အခါတိုင်း လသာ မှန်အိမ်အောက် စားပွဲတစ်ခုမှာထိုင်လျက် ဇာထိုး၍နေသည်ကိုလည်းကောင်း၊ စာများရေးမှတ်၍နေသည်ကိုလည်းကောင်း၊ ပီယာနိုတီး၍နေသည်ကိုလည်း ကောင်း မြင်ရလေ၏။ အကြောင်းမူကား အိမ်မှာ နိမ့်သောတစ်ထပ်အိမ်က လေး ဖြစ်သဖြင့် ခပ်လှမ်းလှမ်းမှနေ၍ ကြည့်လျှင် အတွင်းကို ကောင်းစွာမြင် နိုင်လေသတည်း။

ထိုကဲ့သို့ ညနေတိုင်းသွားလေရာ ကျောင်းသို့လှလှပပဝတ်ဆင်၍ လာသည့်အခါ မြင်ရသောအလှကတစ်မျိုး။ အိမ်မှာ ကပိုကရိုနေသည်ကို မြင်ရသော အလှကတစ်မျိုး၊ တစ်မျိုးထက်တစ်မျိုးပို၍သာ မဆုံးနိုင်အောင် လှ၍နေသော အလှနှစ်မျိုးကို မြင်ရလေ၏။ အဘယ်နည်းဖြင့် စိတ်ချလက်ချ တွေ့ကြုံစကားပြောရပါမည်နည်း။ ပြောခွင့်ကို သည်ဘဝမှာ ရမှရပါတော့ မလားဟူ၍သာ တွေး၍နေလေ၏။ အိမ်၌လည်း အထက်ထက်ကကဲ့သို့ စကားများစွာမပြော တစ်ကိုယ်တည်းဆိတ်ငြိမ်စွာ ငေးမော၍သာနေသဖြင့် မိဘနှစ်ပါးမှာ အဘယ်လိုအကြောင်းဟူ၍ မသိရသောကြောင့် ၎င်း၏ အကြောင်းကို တီးတိုးတိုင်ပင်ပြောဆို တွေးတောကြလေ၏။

"ရှင့်သား တစ်မျိုးဖြစ်နေပါတယ်။ ဆရာမလေးလာတုန်းကလည်းပဲ ကျုပ်မသင်္ကာဘူး"

"မဟုတ်ပါဘူး ထင်ပါရဲ့ကွယ်။ ငါ့သား ဒီစိတ်မျိုး မရှိပါဘူး။ ဒီအကောင် အင်မတန်ရိုးတဲ့ အကောင်ပဲ"

"ရိုးသလား။ မရိုးဘူးလား နောက်တစ်ခါ ဆရာမလေးလာတဲ့ အခါ ရှင်ပဲ အကဲခတ်ကြည့်စမ်းပါလား"

ဤလိုစကားမျိုးတွေကို လင်မယားနှစ်ယောက် ပြောဆိုကာ တင် အောင်၏စိတ် အဘယ်သို့ မြန်းကြွ၍နေသည်ကို ရမ်းဆ၍ နေကြရလေ၏။

တစ်နေ့ဆရာမကလေးရောက်၍ လာပြန်၏။ တင်အောင်မှာ ရေ့

mgyoe.com

mgyoe.com

တွေ့သည့် မြွေပမာ၊ ကျွတ်ပမာလို လန်းလန်းတက်၍ လာလေ၏။ မိဘနှစ်ပါးမှာတစ်ယောက်ကိုတစ်ယောက် လက်ကုတ်ကြ၏။ ဆရာမကလေးနှင့်မူကား တင်အောင်စကားမပြောရဲသဖြင့် ရှောင်လွှဲကာ ပန်းခြံ၌လျှောက်လျက်တစ်ယောက်တည်း တေးကလေးကို ညည်း၍နေ၏။ တေးညည်းခြင်းသည်တင်အောင်၏ ဝါသနာဖြစ်လေရာ ထူးခြားသော လက္ခဏာမဟုတ်ချေ။ မကြာမီ ဆရာမကလေးနှင့် မိခင်သည် ခြံထဲသို့ရောက်၍ လာကြလေ၏။

တင်အောင်သည် မြင်ရုံနှင့်ရင်ခုန် သိမ့်သိမ့်တုန်လျက် ခုံတစ်ခုပေါ်မှထိုင်၍နေရာမှထပြီးအပါးသို့ရောက်လာသော ဆရာမကလေးအား

"ဒီးနင်း မစ်စ်"ဟု နှုတ်ဆက်လေ၏။ ဆရာမကလေးက ပြုံးပြီးပြန်၍ခေါင်းညိတ်ကာ ရှေ့သို့မသွားဘဲ မတ်တတ်ရပ်လျက် လက်၌ကိုင်ထားသော နှင်းဆီပွင့်ကလေးကို ရင်ဝနားအထိမြှင့်ကာ လှပသောလက်ချောင်းကလေးများနှင့် ကစား၍နေလေရာ နှင်းဆီပန်းနီနီအပွင့်ကလေးနှင့် နှင်းဆီရွက်ကလေးနှစ်ရွက်မှာ လှုပ်ကာ၊ ရှားကာ၊ လှည့်လည်ကာ သစ်ခက်နှစ်ခက်ကို ကိုင်၍ကသော နတ်စိမ်းကလေးလို မှတ်ထင်ရလေသတည်း။

တင်အောင်သည် ပန်းကလေးကိုလည်းကောင်း၊ လှပသောလက်ချောင်းကလေးတွေကိုလည်းကောင်း အနောက်ဘက်က လာသောနေခြည်ရောင်တွင် ဥဿဖရားရောင်တောက်၍နေသော ပါးလှပ်ဖြူစင်သောအကျီကိုလည်းကောင်း၊ ဟိုက်သောခါးနှင့် ကြွားသောရင်ကလေးများကိုလည်းကောင်း၊ မောက်သော ဆံထုံးကိုလည်းကောင်း၊ ဘော်ဒီအဟိုက်ပင်လယ်ကွေ့တွင်း ဝင်းသောအသားအရည်ကိုလည်းကောင်း မမြင်သလိုမကြည့်သလိုနှင့် မြင်ကာကြည့်ကာ ၎င်း၏မျက်လုံးအရှိန်သည် ဆရာမကလေး၏ခန္ဓာတစ် ကိုယ်လုံးကို နွယ်ပန်းရစ်၍တက်သလို ပတ်ရစ်တက်ဆင်း၊ မက်ခြင်းနှင့်ဖက် ခြင်းကိုပြု၍နေလေသတည်း။

"ကိုတင်အောင် ဒီနှစ်စာမေးပွဲအောင်မလား" ဟု ဆရာမကမေးလေ၏။

မိခင်။ ။"တစ်နှစ်တစ်တန်းတော့ အောင်ခဲ့တာပါပဲ။ အခုဆယ်

mgyoe.com

mgyoe.com

တန်းမှာသာ ဘယ်လိုနေမယ်မသိဘူး"

အောင်။ ။"ကံကောင်းရင်လည်း အောင်မှာပဲဆရာမရဲ့။ မအောင် လည်း ကိစ္စမရှိပါဘူး"

ဆရာမ။ ။"ကိစ္စတော့ မရှိပါဘူးပေါ့လေ။ အစိုးရလုပ်မှာမှ မဟုတ်ဘဲ ကိုး။ နို့ပေမယ့်အောင်ရင်သာပြီး ကောင်းတာပေါ့။ မဟုတ်ဘူးလား ဒေါ်ဒေါ်"

"အင်း ...အောင်ထားတယ်ဆိုတော့ ကောင်းတာပေါ့လေ။ လူဆို တာ ဘယ်လိုဖြစ်မယ်ရယ်လို့ မသိရဘူး။ အဒေါ်ကတော့ ဆယ်တန်းလောက် အောင်ပြီး အသက်မွေးမှုတစ်ခုပညာဆိုတာလို ဆေးဘက်ဖြစ်ဖြစ်၊ စက်ဘက် ဖြစ်ဖြစ် တစ်ခုခုတတ်အောင် သင်ထားစေချင်တာပဲ။ နို့ပေမယ့် အဖေလုပ်သူ က အလိုလိုက်တာကိုး ဆရာမရဲ့။ ပစ္စည်းအားကိုးပေါ့လေ။ သူ့အကြံက လယ်တွေ၊ မြေတွေကိုပဲ ကြည့်ရှုထိန်းသိမ်းလုပ်ကိုင်ဖို့လောက် သဘောထား တာကိုး။ အဒေါ်ကတော့ ပစ္စည်းကို တယ်ပြီးအားမကိုးဘူး။ မိဘမှာချမ်းသာ ပေမယ့် သားသမီးမှာထိုက်မှ ခံစားရတာမျိုးပဲ"

ဆရာမ။ ။"ကိုယ့်အလုပ် ကိုယ်လုပ်မယ်ဆိုရင်လည်း ပညာဟာ သာပြီး အသုံးဝင်တာပါပဲ။ ဥပမာ ရှေ့နေအတတ်ကို တတ်မယ်ဆိုရင် အကြောင်းကိစ္စရှိရင် ကိုယ့်အမှုကို ကိုယ်ကိုယ်တိုင် အများကြီးဆောင်ရွက်နိုင် ဖို့ပဲ"

အောင်။ ။"ရှေ့နေတွေ အပေါသားပဲ ဆရာမရယ်။ ကိစ္စမရှိပါဘူး"

"ဟုတ်ကဲ့ ဒါလည်းမှန်ပါရဲ့။ အခုနှစ်များအောင်လိုက်တာတွေ မနည်းကြီးများတာပဲ"

မိခင်။ ။"များပေမယ့် အစွမ်းကောင်းတဲ့ ရှေ့နေများမယ် မထင်ဘူး ဆရာမရဲ့။ တချို့ရှေ့နေတွေများတယ်။ ဝတ်လုံရှေ့နေအတတ်ကိုတတ်ရင် ထမင်းဝမှာမဟုတ်ဘူးလို့ ပြောကြတာပဲ။ သည်စကား အင်မတန် မှားတယ် ဆရာမရဲ့။ ချွန်တဲ့လူမှာတော့ များလေထင်ပေါ်လေပဲ။ ဘယ်အလုပ်မှာ လူများတယ်။ ဘယ်အလုပ်မှာ ဉာဏ်ရည်တူတွေပေါ်တယ်ဆိုတဲ့စကားတွေ

mgyoe.com

mgyoe.com


ဟာ အလကားစကားတွေပါ ဆရာမရဲ့။ လောကမှာ ဉာဏ်ရည်တူ မပေါဘူး။ ဉာဏ်ရည်တူ အလွန်ရှားတယ်၊ လိုက်ပြီးတုတဲ့လူတွေသာ များနေတာပါ။ တုတဲ့လူတွေကို မတုတဲ့လူက ဘာမှကြောက်စရာမရှိပါဘူး။ တုတာက နှစ်မျိုးရှိပါတယ်။ ဉာဏ်ရည်တူပြီး တုတာကတစ်မျိုး။ အဲဒီလို ဉာဏ်နဲ့တုတာမျိုးက စင်စစ်တော့ တုတာမဟုတ်ဘူး။ ဒီအလုပ်မှာသူဖြစ်ရင် ငါရောဘာလို့ မဖြစ်ရမလဲဆိုပြီး လိုက်ပြီးလုပ်တဲ့ လူမျိုး။ သည်လူမျိုးက တုသော်လည်း ကြီးပွားနိုင်တယ်။ သည်လူကို တုတဲ့လူလို့ မဆိုရဘူး။ အလုပ်တူသမား၊ အကြံတူသမားလို့ ဆိုရပါတယ်။ တစ်မျိုးကတော့ အများယောင်လို့ယောင် အမောင်တောင်မှန်း၊ မြောက်မှန်းမသိ ဆိုတဲ့နည်းမျိုးနဲ့ တုတာမျိုးပါ။ ဒီလူမျိုးကများတယ်။ ဟိုလူမျိုးက အင်မတန်နည်းတာပဲ"

ဆရာမ။ ။"မှန်တယ်ဒေါ်ဒေါ်။ ရှေးဆိုတဲ့ ပြင်သစ်ပညာရှိတစ်ယောက်က သူဌေးသူကြွယ် မင်းအရာရှိမကျန် ယခုချမ်းသာပေတဲ့နောင် ဘယ်လိုဖြစ်မယ်ဆိုတာ မသိရတဲ့အတွက် ဘယ်သူမဆို အတတ်တစ်ခုခု သင်ကောင်းတယ်လို့ ရေးဖူးပါတယ်။ သည့်အတွက်ပြင်သစ်ပြည် သူပုန်ကြီး မထမီက အမတ်ကြီးတွေ အရာရှိတွေ၊ ရှင်ဘုရင်အထိ အတတ်ပညာတွေကို သင်ကြရပါတယ်။ ရှင်ဘုရင်တစ်ပါးတော့ သော့ပြင်တဲ့ အတတ်မှာ တစ်ဖက်ကမ်းခတ်သတဲ့ ဒေါ်ဒေါ်ရဲ့။ ယော ....နောင်ခါကျတော့ ကာလပျက်ပြီး ကိုယ့်ဝမ်းကို ကိုယ်ကျောင်းရတဲ့အခါကျတော့ကာ အဲဒီပညာကလေးတွေဟာ အင်မတန်အသုံးကျသတဲ့ ဒေါ်ဒေါ်။ သည်တော့ ကိုတင်အောင်တို့ မပေါ့ကောင်းဘူး။ ကိုတင်အောင် နည်းနည်းပေါ့တယ် ထင်တယ်။ အခုတလော"

မောင်တင်အောင်သည် မျက်နှာနီနီနှင့် ပြုံး၍သာနေလေ၏။

မိခင်။ ။"ဘယ့်နှယ်လဲ တင်အောင်။ ဆရာမကလေးက ပြောနေပြီ။ ကြည့်စမ်း မင်းနဲ့ရှယ်တူပဲ။ ဘယ်လောက်များ တော်သလဲ"

ဆရာမ။ ။"ဒီလိုပါဒေါ်ဒေါ် သူလည်းသိပါတယ်။ နို့ပေမယ့် ယောကျ်ားကလေးဆိုတာသည်လိုပါပဲ။ လေးချိန်တန်တော့လေးတာပါပဲ။

mgyoe.com

mgyoe.com


ကိုတင့်အောင်စိတ်ဆိုးသလား"

"မဆိုးပါဘူး ဆရာမရယ်၊ ကျေးဇူးတင်ပါတယ်။ ကျွန်တော် ကြိုးစားပါမယ်"

"ကြိုးစား၊ ကြိုးစား" ထိုစကားများကို ပြောရင်းခြံပြင်သို့ရောက် ကြလေရာ ဆရာမသည် နှုတ်ဆက်၍ထွက်သွားလေ၏။

(မှတ်ချက်။ ။ ဝတ္ထုရေးခြင်း၌ ဤလိုဆုံးမစကားမျိုးကို မထည့် ကောင်း။ စာရေးဆရာကောင်းတို့၏ နည်းလမ်းလည်း မဟုတ်ပေ။ သို့သော် ပြောလိုသောအချက်တို့ကို ဇာတ်ကွက်ဖြင့်ရေးခြယ်၍ပြရန် နေရာမရသော ကြောင့်တစ်ကြောင်း၊ အရေးကြီးသော အချက်များဖြစ်သဖြင့်တစ်ကြောင်း၊ ထည့်သွင်းဖော်ပြလိုက်ရသည်ကို အပြစ်တင်ကင်းစေလိုကြောင်း ဝတ္ထုရေး အတတ်ကို တတ်လိုသူတို့လည်း ဤနည်းမျိုးကို အတုမယူသင့်ကြောင်း။ ပီမိုးနင်း)

ထိုနေ့သည် ဆရာမကလေးနှင့် အသိဖြစ်ရခြင်း၌ တစ်ဆင့်တိုးသဖြင့် ဝမ်းသာအားကြီးသောကြောင့် တင့်အောင်မှာ ညနေကတွေ့ရပြောဆိုရ သည့်အကြောင်းကို တွေးတောရာ၌ သူကဆရာမကလေးဖြစ်လို့ ငါ့ကိုဆုံးမ သွားလိုက်တာ။ သင်းကိုဆုံးမရတဲ့အခါ ကျွန်တော့်မှာ သင်းသိစေ့မယ်ဟု စိတ်ကူးနှင့်ရူး၍ နေလေသတည်း။

နောက်တစ်နေ့ ကျောင်းပိတ်သဖြင့် နံနက်တွင် ဆရာမကလေး၏ အိမ်ဘက်ကို လျှောက်၍သွားလေရာ ဆရာမကလေးနှင်းဆီပန်းတွေကိုရှူး၍ နေသည်နှင့် ကြုံကြိုက်လေ၏။ မျက်နှာချင်းဆိုင်မိကြသောအခါ နှစ်ယောက် စလုံး တစ်ပြိုင်တည်း ပြုံးကြ၏။ ဆရာမကလေး၏ ပြုံးခြင်းသည် နှင်းဆီပွင့် ထက်လှ၏။ ဆရာမကလေးမှာ ထဘီအနီနှင့်အင်္ကျီအပြာကို ဝတ်ဆင်လေရာ တင့်အောင်၏မျက်စိ၌ကြည့်၍ မငြိမ်းအောင်ရေးခြယ်၍ထားသော ရုပ်ပုံကား ကလေးထဲက အရုပ်ကဲ့သို့ မှတ်ထင်ရလေသတည်း။

"ဘယ်ကိုသွားမလို့လဲ ကိုတင့်အောင်"

"ကျွန်တော်မြို့ထဲကို သွားမလို့ပါ"

mgyoe.com

mgyoe.com

"စောလှချည့်လား။ ဘာကိစ္စလဲ"

"အလည်အပတ်ပါပဲ"

"မဝင်ဘူးလား"

တင်အောင်သည် အဲဒီစကားကိုမျှော်၍ လာသူဖြစ်လေ၍ဝင်လေ၏။

"အဒေါ်ကြီး ဈေးကိုသွားတယ်။ ကိုယ်တိုင် ရေနွေးတည်နေရတာပဲ"

"ဩော် ... ကျွန်တော် ကူတည်ပေးမယ်လေ။ ဆရာမ ပန်းတွေကိုသာလုပ်ပါ"

"အို ...ကိစ္စမရှိပါဘူး။ ဩော် ...ဒါထက် ညောင်ရေအိုး"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ဆရာမ ညောင်ရေအိုးကိုသာ လုပ်ပါ။ ကျွန်တော် ရေနွေးကိုကြည့်လုပ်မယ်"

မောင်တင်အောင် မီးဖိုကိုဝင်လေ၏။ မီးဖို၌ မီးသေနေသည်ကို တွေ့ရ၏။ ရေနွေးအိုးကိုချပြီး မီးသွေးများကိုထည့်ပြီး အားရပါးရမီးမွှေး၏။ တင်အောင်မှာ မျှော်လင့်သည်ထက်ပိုကာ ဆရာမ၏မီးဖိုကိုဝင်ရောက်၍နေရသောကြောင့် သိန်းထီကြီးပေါက်သကဲ့သို့ ဝမ်းသာ၍နေလေ၏။

"ဆရာမ၊ မီးသေနေတယ်။ မီးခြစ်ရှိလား။ ရေနံဆီရော"

"ဩော် ...ဒုက္ခဒုက္ခ၊ ကိုတင်အောင် အားနာစရာကြီး။ မီးခြစ်ကြောင်အိမ်ပေါ်မှာ ရှိတယ်။ ရေနံဆီတော့ မီးဖိုနားမှာပဲ"

တင်အောင်သည် ရေနံဆီနှင့်မီးမွှေးလေ၏။ မီးဟုန်းခနဲတောက်သဖြင့် ဆရာမထိတ်လန့်ပြီး ပြေးဝင်၍လာလေ၏။

"ဩော် ...အမယ်လေး ကိုတင်အောင်။ ကျွန်မအိမ်ကို မီးရှို့မလို့တမင်လာသလား။ ဆရာမကိုဘယ်တုန်းက ညှိုးထားသလဲ။ တစ်ခါမျှ မီးမမွှေးဖူးဘူးလား။ ဩော် ...ဒုက္ခ၊ ဒုက္ခ ဟိုအမယ်ကြီးကလည်း မီးတောင်မှတောက်အောင် မွှေးမသွားဘူး။ ကိုတင်အောင်လက်တွေ ပေကုန်ပြီ။ ရေဆေးရေဆေး"ဟုပြောကာ ဇလုံတစ်ခုကိုယူ၍ ရေခံပြီးပေးလေ၏။

တင်အောင်သည် ဇလုံထဲ၌ လက်ကိုစိမ်၍ဆေးရင်း ဆရာမ၏

mgyoe.com

လက်ကိုကြည့်လိုက်ရာ နီနီမြင်ရသဖြင့် “သြော် …ဆရာမဘာဖြစ်တာလဲ။ လက်ကိုကြည့်စမ်း”ဟုပြရာ နှင်းဆီဆူးစူး၍ သွေးထွက်နေသည်ကို တွေ့ရသဖြင့် ရေနဲ့ဆေးဆရာမ အဆိပ်အတောက်ကင်းအောင်လေဟု ပြောလေရာ ဆရာမသည် ရေဇလုံအနီးမှာထိုင်၍ လက်ကိုရေထဲသို့စိမ်လေရာ လက်ချင်းထိမိကြလေ၏။

သွေးသည် မရပ်ဘဲဆေးလေထွက်လေ နီ၍လာလေ၏။ တင်အောင်ဆေး၍ထားသော မီးသွေးရေထိသဖြင့် ဆရာမ၏လက်ခုံမှာ ညိုု၍လာ၏။ တင်အောင်သည်ရေကို သွန်၍ ရေအသစ်ကိုခပ်ပြီး ယူလာလေ၏။ ဆရာမသည် လက်ကိုရေထဲ၌ပြန်၍စိမ်၏။ တင်အောင်လည်း မိမိ၏လက်ကိုဖြန့်၍ ကြည့်ကာ မီးသွေးမစင်သေးသဖြင့် ရေထဲသို့စိမ်ပြန်၏။ လက်နှစ်ဖက်ထပ်မိကြလေ၏။ ဆရာမသည် မျက်လုံးကြီးများနှင့် တင်အောင်၏မျက်နှာကိုမော့်၍ ကြည့်၏။ တင်အောင်သည် လက်ကိုပြန်၍ ရုပ်၏။ ဆရာမ၏ လက်ကသွေးသည် သာ၍အရှိန်ကောင်း၏။ နှလုံးသွေးလှုပ်ရှားသဖြင့် ဒီရေကစားလို သွေးကစားလေ၏။

“ခက်နေပြီဆရာမ။ သွေးကလည်းမရပ်ဘူး။ ဘယ့်နှယ့်လုပ်မလဲ။ သြော် …သတိရပြီ။ ဖယောင်းဆီ မရှိဘူးလား”

“ရှိတယ် ကိုတင်အောင်”ဟုပြောကာ ထ၍ပြေး၏။ တင်အောင်လိုက်၍သွား၏။ စားပွဲတစ်ခုပေါ်၌ ဖယောင်းဆီဘူးကို ရကြ၏။

“အပ်ချုပ်စက်ရုံထဲမှာ ပိတ်စရှိတယ် ကိုတင်အောင် ပိတ်စကလေးနဲ့”

တင်အောင်သည် ပိတ်စကို ယူ၍ ဖယောင်းဆီနှင့် ဆရာမ၏လက်ကလေးကို ညှစ်နယ်၍ပေး၏။ ဆရာမသည် ခံ၍နေ၏။ မျက်လုံးချင်းဆိုင်ကာ ကြည့်၍နေကြ၏။

“နာတယ် ကိုတင်အောင်ရဲ့။ သန်တိုင်း သိပ်သိပ်ပြီး”ဟုမဲ့ကာ မျက်ခုံးကလေးများကို ကြုံ့ကာပြော၏။

တင်အောင်သည် ပြုံးလျက်လက်ကိုငုံ့ကြည့်ကာ ပိတ်စနှင့် ဖက်

mgyoe.com

လေ၏။ ပတ်ပြီးနောက် ဘယ်လိုလုပ်ရမည်မသိသဖြင့် ပတ်ထားသော လက်မှ ပိတ်စပြည်ကျမှာစိုးသဖြင့် မလွှတ်ဘဲ တောင်မြောက်ခံလေးပါးကို ကြည့်လေ၏။

စက်ပေါ်မှာ အပ်ချည်လုံး အပ်ချည်ကြိုးနဲ့။

တင်အောင်သည် အပ်ချည်ကြိုးကို ယူ၍ပတ်ရစ်လေ၏။ အင်မတန် သေချာ၍ အပ်ချည်လုံး၌ အပ်ချည်များရစ်သလို ညီညာစွာရစ်၏။ တင်အောင် စိတ်ရှည်၏။ တင်အောင်သေချာ၏။ အပြီးသတ်ခိုင်အောင်ချည်ပြီး "ကိုင်း.... နာသေးလား။ သွေးတော့တိတ်သွားပြီ။ ဆရာမ ကျွန်တော် သွေးတိတ် မန်းတတ်သေးတယ်"ဟု လက်ကိုမလွှတ်ရက်ဘဲ ပြောလေ၏။

"တကယ်လား"

"တကယ်ပါ"

"မန်းလေ"

"ဒီလိုမန်းလို့ ဘာဖြစ်မလဲ"

"ဘယ်လိုမန်းမှဖြစ်မလဲ"

"ဖြည်ပြီးမန်းမှပေါ့"

"အို ...တော်ပါတော့။ စပ်လိုက်တာ ပူတယ်"

"ပူရင်ဖြင့်မမန်းဘူး။ မှုတ်ပေးမယ်"

"တော်ပါ မှုတ်လည်း မမှုတ်ပါနဲ့"

"ဆရာမ"

"ဘာလဲ"

တစ်ယောက်မျက်လုံးကို တစ်ယောက်ကြည့်၍ နေကြလေ၏။

မီးဖိုဌ် မီးတောက်၍နေလေ၏။ ဆရာမသည် ပြတင်းပေါက်မှ တောင်မြောက်လေးပါး လှမ်း၍ကြည့်လေရာ တင်အောင်၏ စိတ်မှာ လူသူ လေးပါးမြင်မှာကို ကြောက်တယ်ထင်ပါရဲ့ဟု တွေးပြီး ကိုင်းဆရာမသွားဦး မယ်ဟု ပြောလေ၏။

"လက်ဖက်ရည်မသောက်ဘူးလား"

mgyoe.com

mgyoe.com

"သောက်ပြီးပါပြီ"

"ဟုတ်ကဲ့ ကိုတင်အောင်၊ အများကြီး ကျေးဇူးတင်ပါတယ်" တင်အောင် ထွက်၍ လျှင်မြန်ပေါ့ပါးစွာ မြေကိုမနင်း လေကိုနင်းလျက် ကောင်းကင်ခရီးဖြင့် ဈာန်ကြွ၍သွားသလို မိမိကိုယ်ကို မှတ်ထင်လေသတည်း။

ဆရာမသည် တစ်ယောက်တည်းတွေး၍ ကျန်ရစ်လေ၏။ ဆရာကြီးကလည်း ကထိကရိုနဲ့ငြိစကားတွေကို တွေ့တိုင်းသုံးတယ်။ ဆရာကြီးမှာ ပညာကောင်းတယ်။ ဉစ္စာကြေးငွေမရှိဘူး။ ကိုတင်အောင်ကလှတယ်။ ဘယ့်နှယ်လုပ်ရပါ့မလဲ။ ဆရာကြီးကလည်း လူကောင်း၊ ကိုတင်အောင်ကလည်း လူကောင်းနှစ်ယောက်လုံးမှာ မကောင်းတာကို တစ်ခုမှရှာလို့ မရပါကလား" ဟု စဉ်းစား၍နေလေ၏။

ထိုနေ့ (၁၀)နာရီခန့်အချိန်ကျသောအခါ တင်အောင်ပြန်၍အလာတွင် ဆရာမကလေးနှင့် ဆရာကြီးအိမ်၌ထိုင်ကာ စကားပြောနေကြသည်ကို မြင်ရသဖြင့် တော်ရာမှစီးစောင်းကြည့်၍ နေလေ၏။

မကြာမီ နှစ်ယောက်တည်းထိုင်ရာမှ ထကြလေ၏။ ဆရာမသည် မီးဖိုချောင်ကိုသွား၏။ ဆရာကြီးက နံရံကိုမှီကာ မော့လျက်တစ်ခုခုကိုကြည့်၍ နေ၏။ ဆရာမလျှင်မြန်စွာထွက်၍လာပြီး တူတစ်ခုကို ဆရာကြီးအားပေး၏။ ဆရာကြီးသည် ခွေးခြေတစ်ခုကိုယူပြီး နံရံ၌ သံရိုက်ရန်တက်လေ၏။ မမီသဖြင့် တစ်ဖန်ဆင်း၏။ စားပွဲဝိုင်းခပ်မြင့်မြင့်ကလေးကိုနှစ်ယောက်သား မျက်နှာချင်းဆိုင်ချီယူ၍ နံရံနားမှာချ၏။ ဆရာကြီးသည် စားပွဲပေါ်သို့တက်၏။ ဆရာမက စားပွဲကို မလှုပ်အောင်ကိုင်၍ထား၏။ ဆရာကြီးသည် နံရံ၌သံကိုရိုက်ပြီး တူကိုလှမ်း၍ပေး၏။ ဆရာမသည် တူကိုယူ၍စားပွဲပေါ်မှာချ၏။ တစ်ဖန်ဆရာကြီးက လက်နှင့်လှမ်း၍ သံချောင်းအကြွင်းအကျန်ကိုပေး၏။ ဆရာမကယူ၍ စားပွဲပေါ်၌ချ၏။ ဆရာကြီးသည် လက်ဆန့်၍ထား၏။ ဆရာမသည် ကားတစ်ခုကိုကုန်း၍ ကောက်ယူကာ လှမ်း၍ပေး၏။ ဆရာကြီးသည် ကားကိုချိတ်၏။ ထို့နောက် စားပွဲပေါ်မှပြန်၍အဆင်းတွင် လက်

mgyoe.com

တစ်ဖက်နှင့် မေးထောက်လိုက်၏။ ကြည့်၍နေသော တင်အောင်မှာ မိမိကိုယ်ကို စောက်ထိုးမိုးမျှော် အုန်းပင်စိုက်ဖြစ်၍သွားသည်ဟု မှတ်ထင်လိုက်၏။ ပထဝီမြေသည် အိုးထိန်းစက်လိုလည်၍သွားဟန်ရှိလေသတည်း။ အတန်ကလေးသတိပြုကာ အနီးရှိ သစ်ပင်ကလေးတစ်ပင်ကို မှီပြီး နဖူးကိုလက်နှင့်အုပ်လေ၏။ မောပန်းစွာအသက်ရှူပြီး ဆရာမ မမြင်နိုင်သော နေရာမှကွေ့ကာ အိမ်သို့ပြန်လေသတည်း။

တစ်လနှစ်လလွန်မြောက်၍ သွားလေ၏။ ဆရာမကလေးမှာ ဆရာကြီးနှင့် မောင်တင်အောင်၏ စပ်ကြား၌ ပဲပြားပင်လို ဖြစ်၍နေလေ၏။ မောင်တင်အောင်သည် ဆရာမကလေးကို ဆရာကြီးပိုး၍နေကြောင်း သိလေ၏။ သို့ဖြစ်သောကြောင့် ဆရာမကလေးနှင့် တွေ့အောင်ကြံသည့်အခါတိုင်း ဆရာကြီး မသိရအောင် ဂရုစိုက်လေ၏။ ဆရာကြီးသည်ကား တင်အောင်နှင့် ဆရာမကလေး အကျွမ်းဝင်၍နေသည်ကို သိဟန်မရှိချေ။

ထိုညဥ့်ဆရာမကလေးသည် ပီယာနိုမှာထိုင်ကာ ငေး၍ပြတင်းပေါက်မှ တင်အောင်ရှိနေသော သရက်ပင်ကိုကြည့်၍နေ၏။ ထို့နောက်သက်မကြီးချသလိုလုပ်ပြီး ပီယာနိုးကို မထိတထိတို့လေ၏။စိန်ငွေလျှံ သီချင်းကြီးသည် ညဥ့်ဦးယံအချိန်၏ ငြိမ်သက်သော လေလှိုင်းထ၍လာစေသတည်း။

ပထမတစ်ကျော့ပြီးသည်နောက် တစ်ကျော့ပြန်၍ အစတွင်"သာဟန်လေတွေ ထူးငယ်ဆန်း"ဟု လိုက်၍ဆိုသောအသံတစ်ခုပေါ်လာလေ၏။ ဆရာမကလေးသည် ထိုအသံကို မကြားရချေ။ အသံသည်တစ်ဖြည်းဖြည်းကျယ်၍လာလေလျှင် ဆရာမကလေးသည်ပြုံးလျက် အတီးကိုရပ်ပြီး နားထောင်၍နေလေ၏။ ဘာသံကိုမျှ မကြားရသောအခါ ဆက်၍တီးလေ၏။ အသံသည် လိုက်၍ဆို၏။ ဆရာမကလေးသည် ရပ်၍နေ၏။ မှောင်ထဲသို့လှမ်း၍ကြည့်၏။ ထိုနောက်ကြိတ်ကာရယ်ပြီး ဆက်၍တီးပြန်ရာ တေးသံသည် လိုက်၍ဆိုပြန်၏။ ဆရာမကလေးသည် မရပ်ဘဲဆက်၍တီး၏။ တေးသံသည်မရပ်ဘဲလိုက်၍ဆို၏။ ဆရာမကလေးသည် မရပ်ဘဲဆက်၍ တီး၏။

mgyoe.com

mgyoe.com

မကြာမီအဝင်အထွက်နှင့် စည်းကျဝါးကျ မြိုင်မြိုင်ကြီး တီးဆိုကြလေသတည်း။

အတန်ကြာ၍ တေးဆုံးသောအခါ ဆရာမသည် ဆင်း၍လာလေ၏။ ခြံဝသို့ရောက်သောအခါ မည်းမှောင်သော သဏ္ဌာန်တစ်ခုကို မထင်မရှား မြင်ရလေလျှင် ဘယ်သူလဲဟုမေးလေ၏။

"ကျွန်တော်ပါဆရာမရဲ့"

"ဩော် ...ကိုတင်အောင်လား။ ဘာကိုလာပြီး ချောင်းတာလဲ။ သူခိုးလိုမလုပ်နဲ့ လာရင်လာပါကလား"

"မလာဝံ့လို့ပါဆရာမရယ်။ စိတ်မဆိုးပါနဲ့။ ကျွန်တော်လျှောင်တာ မဟုတ်ပါဘူး"ဟု ပြောရင်း မှောင်ထဲမှထွက်၍ လာလေ၏။

"ဘာပြုလို့ မလာဝံ့တာတုန်း။ ဘာအပြစ်ရှိလို့လဲ"

"ကိုယ့်အပြစ်ကို ကိုယ်သိလို့ ကြောက်ရတာပါ။ ကျွန်တော့်မှာ အပြစ်ရှိနေပါပြီ"

"ဘာအပြစ်လဲ"

"အပြစ်ကို ဆိုရမလား။ ရူးသွပ်တဲ့ ဝေဒနာလို့ပဲ ဆိုရမလားမသိဘူး။ ဆရာမစိတ်ဆိုးသလား၊ စိတ်ဆိုးရင်ခံရမှာပဲ။ မှန်တာကို ကျွန်တော်ပြောပါရစေ ဆရာမရယ်။ ကျွန်တော်ဖြင့် ယနေ့ညစွန့်ပြီး လာတာပါပဲ။ မပြောရရင် အတွင်းမှာ အောင်းတဲ့မီးဟာ အသည်းနှလုံးကို မြိုက်တာနဲ့ အသက်သေမှာ တောင် စိုးရလို့စွန့်စားပြီး လာရပါတယ်"

"သိပါပြီမပြောပါနဲ့တော့။ ရူးနေပလား"

"ဟုတ်တယ် ရူးနေပြီ။ ဆရာမကုမှ ဒီအရူးပျောက်တော့မှာပဲ"

"ဘယ်လို ကုရမှာလဲ"

"ကျွန်တော် ဆရာမကို မတွေ့ရရင် မနေနိုင်တော့ဘူး။ ကျွန်တော် ပညာသင်ချင်တဲ့ စိတ်လည်း မရှိတော့ဘူး"

ဆရာမထွက်၍ လာခြင်းသည် တင်အောင်၏ အဆွဲဓာတ်ပါသော အသံကြောင့်ဖြစ်၏။

mgyoe.com

mgyoe.com

ဆရာမသည် စကားမပြောဘဲ တင်အောင်ကိုကြည့်ကာ စဉ်းစား၍နေ၏။ တင်အောင်သည် အပါးသို့ရောက်၍လာပြီး ဆရာမ ကျွန်တော်ကို မုန်းသလား။ စိတ်ဆိုးသလား။ ကျွန်တော်အဟုတ်တကယ် ဆရာမအတွက် ဒုက္ခဖြစ်နေပြီ။ ဆရာမ ကျွန်တော်ကို မချစ်သော်လည်း နည်းနည်းကလေး သနားတယ်ဆိုရင် ကျွန်တော့်မှာ အများကြီး ဝန်ပေါ့မှာပါ။ ကျွန်တော်ပညာမရှိဘူး။ သို့သော်လည်း ကျွန်တော့်မှာ အဟုတ်တကယ် အစစ်အမှန်ချစ်တဲ့ အချစ်ရှိပါတယ်။ဆရာမကို တွေ့ရတဲ့နေ့ကစပြီး ဘဝသစ်ကူးသလို ဖြစ်နေပါတယ်။ ယနေ့တော့ အောင့်ပြီးမထားနိုင်လို့ ဇွတ်နှစ်ပြီးလာရတာပါ။ ဆရာမ မယုံဘူးလား။ကျွန်တော့်အသက်ဟာ ဆရာမလက်ထဲမှာ ရှိပါတယ်။ ဆရာမ နှုတ်ကထွက်တဲ့ စကားတစ်လုံးဟာ ကျွန်တော့်ကို ချမ်းသာအောင်လည်း လုပ်နိုင်ပါတယ်။ တစ်သက်လုံး လူစတုံးအောင်လည်း လုပ်နိုင်ပါတယ်။ ဆရာမ စီရင်ချက်ကိုသာ ချလိုက်ပါတော့။ ယခုရာဇဝတ်သင့်တဲ့ တရားခံကို အမိန့်စီရင်ချက်ကို နာခံဖို့ရန် လာတာပါ။ ရာဇဝတ်ကောင် အကျဉ်းသမားမှာ စီရင်ချက်မချမီ ဝန်လေးဒုက္ခအကြီးဆုံးကို ခံရပါတယ်။ စီရင်ချက်ကို စောင့်ရခြင်းဟာ စီရင်ချက်ကိုနာခံရခြင်းထက် ကြောက်စရာကောင်းတဲ့ အခြေအနေပါ။ အကောင်းနဲ့ပဲကျကျ အဆိုးနဲ့ပဲကျကျ သည်ဝန်လေးကြီးကို ချဖို့ရန် စွန့်စား၍လာသူကို ဆရာမကြည့်၍နေတော့မလားဟု တံခါးတိုင်ကို မှီရင်း ခေါင်းငုံကာ မငြိမ်မသက်သော ကိုယ်အမူအရာနှင့် ရေတံခွန် သွန်းလောင်းသလို ချစ်သမျှစိတ်အဟုန်ဖြင့် စကားကို လောင်းလေ၏။

ဆရာမသည် တင်အောင်၏အပါးသို့ကပ်ခါ သနားသောအမူ အရာနှင့် "ကိုတင်အောင် ယောကျာ်း မဟုတ်ဘူးလား၊ ဘာပြုလို့စိတ်ကို မချုပ်နိုင်ရသလဲ"

"မီးကိုမတောက်နိုင်အောင် ကြိုးနဲ့ချည်၍လည်းမထားနိုင်။ လက်ထိတ်ခတ်၍လည်း မထားနိုင်ပါ။ ဆရာမမှာ ကျွန်တော်ခံရတဲ့မီးမျိုးနဲ့မတွေ့ရလို့ ဒီစကားကိုပြောတာပါ။ တကယ်သာ မီးတွေ့ရင်ပြောနိုင်မယ်မဟုတ်ပါဘူး"

mgyoe.com